# မြဝတီ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလ ရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူ နေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါ ခပ်သိမ်းဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်း သည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၀ ပြည့်နှစ် တပေါင်းလဆန်း ၂ ရက်၊ ကြာသပတေးနေ့။ Thursday 7 March 2019 ၉၅၈၃


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခန္တီး၊ လဟယ်နှင့် ဟုမ္မလင်းမြို့တို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

ဟုမ္မလင်း မတ် ၆

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးမင်းသူ၊ ဦးအုန်းဝင်း၊ ဒေါက်တာ မြင့်ထွေး၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့သို့ ရောက်ရှိကြသည်။**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ခန္တီးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ခန္တီးမြို့နယ်အားကစားခန်းမ၌ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံသည်။

**အင်အားတောင့်တင်းမည်**

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လာရောက်ကြိုဆိုကြသည့် မြို့မိ မြို့ဖများ၊ ခန္တီးမြို့သူ၊ မြို့သားများအားလုံးကို ကျေးဇူးတင်သည်ဟု ပြောကြားလိုပါကြောင်း၊ မိမိတို့ ခရီးစဉ်များတွင် ဒေသခံပြည်သူ၊ ပြည်သားများနှင့် တွေ့ဆုံရန် အမြဲကြိုးစားပါကြောင်း၊ အကြောင်းရင်းမှာ မိမိတို့အချင်းချင်းအကြား ရင်းနှီးမှုရှိစေရန်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံ ဖြစ်ပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ မိမိတို့အားလုံး စည်းလုံးမှု၊ ညီညွတ်မှုအောင်မြင်ပြီး မိမိတို့လိုချင်သည့် ပန်းတိုင်ကို မြန်မြန်ဆန်ဆန်ရောက်ရှိကာ အင်အားတောင့်တင်းမည်ဖြစ်ပါကြောင်း၊ စုစည်းအားဖြင့် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်မည်ဆိုသည့် ယုံကြည်ချက်သည် ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်ပါကြောင်း။


စာမျက်နှာ ၃ ကော်လံ ၁ သို့ »»





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ခန္တီးမြို့မှ ဒေသခံတိုင်းရင်းသားကလေးငယ်များက ကြိုဆိုနှုတ်ဆက်ကြစဉ်။

**မြဝတီ သတင်း အညွှန်း**

**ကျေးလက်ဒေသလိုအပ်ချက်များကို ဦးစားပေးဆောင်ရွက်ပေးမှသာ အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်မည်**


စာမျက်နှာ » ၆


**တစ်မျိုးတည်းသော မြေပုံစနစ်ပြုစုရေးနှင့်မြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်းချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း**


စာမျက်နှာ » ၇



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

## ညီညွတ်မှုဖြင့် ဘုံရည်မှန်းချက်ကို ဦးတည်

နိုင်ငံတော်အစိုးရသည် ပြည်သူအားလုံး လိုလားတောင့်တသည့် ထာဝရ ငြိမ်းချမ်းရေးရရှိရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဖွင့်လှစ်၍ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို မဟာဗျူဟာများချမှတ်ကာ တိကျစွာ ဖော်ထုတ်ဆောင်ရွက်လျက်ရှိသည်။ ဦးစွာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အများစုလက်မှတ်ရေးထိုးပြီး ကျယ်ပြန့်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသောကြောင့် အောင်မြင်မှုများ ရရှိနေသော်လည်း ကျန်လက်နက်ကိုင်အဖွဲ့များ လက်မှတ်ရေးထိုးရေးနှင့် ပဋိပက္ခများရပ်တန့်ရေးကို ကြိုးပမ်းအားထုတ်နေရဆဲဖြစ်သည်။

ယနေ့ ပြည်တွင်းမငြိမ်းချမ်းမှုများမှာ ခံယူချက် မတူကွဲပြားမှု၊ ယုံကြည်မှု မတည်ဆောက်နိုင်မှုအပေါ်တွင် တည်မှီနေပြီး ရလဒ်များမှာ ရှေ့မတိုးသာ၊ နောက်မဆုတ်သာ ဆိုးမွေများနှင့် ရင်ဆိုင်နေကြရ သည်ကို သိရှိထားကြမည်ဖြစ်ပေသည်။ အကျိုးဆက်မှာ တိုင်းရင်းသား ပြည်သူများ စစ်ဘေးဒဏ်ကိုခံစားကြရပြီး မိမိဒေသ၊ မိမိတိုင်းပြည် တိုးတက်ရေးတွင် အခြားနိုင်ငံများအား လိုက်မမီနိုင်ဘဲ ကျန်ရစ်နေသေးသည်ကို အားလုံး အသိပင်ဖြစ်သည်။

လိပ်ခဲတည်းလည်းဖြစ်နေသည့် အဖြေမထုတ်နိုင်သော ပုစ္ဆာတစ်ပုဒ်အတွက် ဘုံအဖြေတစ်ခုကိုထုတ်ကာ အဖြေရှာကြရမည်ဖြစ်သည်။ ထိုဘုံအဖြေမှာ ဒီမိုကရေစီ၏ အနှစ်သာရပင်ဖြစ်သည်။ ယနေ့ နိုင်ငံတော်သည်လည်း ဒီမိုကရေစီစနစ်ကို ဦးတည်သွားနေပေသည်။ တိုင်းရင်းသား ပြည်သူများ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်သဖြင့် တိုင်းရင်းသားပြည်သူများ၏ လိုအင်ဆန္ဒနှင့်အညီ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို မျှော်မှန်းတည်ဆောက်နေသည်။

လက်ရှိ ကြုံတွေ့နေရသော ပြဿနာအရင်းအမြစ်များကို ဆန်းစစ်ကြည့်မည်ဆိုလျှင် မတူကွဲပြားမှုများကို တစ်ဖက်နှင့်တစ်ဖက် အသိအမှတ်မပြုနိုင်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သည့် မတူကွဲပြားမှုများကို အသိအမှတ်ပြုပြီး ညီညွတ်မှုတည်ဆောက်ခြင်း အခြေခံအုတ်မြစ်မှတစ်ဆင့် ဘုံရည်မှန်းချက်များကို နားလည်မှုရှိစွာဖြင့် ဆွေးနွေးအဖြေရှာကြရမည်ဖြစ်သည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်ပန်းတိုင်သို့ အရောက်ချီတက်နိုင်မည့် ညီညွတ်မှုကို တည်ဆောက်ရမည်ဖြစ်သည်။

ထိုသို့တည်ဆောက်နိုင်ရန်အတွက် ငြိမ်းချမ်းရေးတံခါးကို နိုင်ငံတော်က အချိန်မရွေး ဖွင့်လှစ်ပေးထားပြီး ဆွေးနွေးအဖြေရှာကြရန် ဖိတ်ခေါ်လျက်ရှိသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှာ တိုးတက်မှုများရှိခဲ့ပြီး ရပ်တန့်မှုများ မရှိအောင်၊ နောက်ဆုတ်မှုများမရှိအောင် ဝိုင်းဝန်းလက်တွဲ တွန်းတင်ကြရမည်ဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တစ်ဆို့နေသောအနေအထားမှ အပေါင်းလက္ခဏာဆောင်ပြီး ပိုမိုကောင်းမွန်သည့် အရွေ့တစ်ခုကို ဖန်တီးနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းကြရမည် ဖြစ်သည်။

ယနေ့ ကမ္ဘာပေါ်တွင် မငြိမ်းချမ်းမှုများ၊ ပဋိပက္ခများရှိနေသော်လည်း အကျိုးရလဒ်ကောင်းများစွာရှိသည့် ငြိမ်းချမ်းရေးကို သူ၊ ငါ လိုလားကြသဖြင့် မည်မျှအင်အားကြီးသည်၊ ငယ်သည်ဖြစ်စေ၊ မည်မျှ ရန်ဘက်ဖြစ်သည်၊ မုန်းဘက်ဖြစ်သည်ဖြစ်စေ တစ်ဖက်နှင့်တစ်ဖက် တွေ့ဆုံအဖြေရှာခြင်းဖြင့် ငြိမ်းချမ်းခြင်းအား ရှာဖွေနေကြသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

မိမိတို့နိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများအားလုံးတို့သည် ဘာသာတရားအရဖြစ်စေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံအရဖြစ်စေ အခြားနိုင်ငံများနှင့် မတူသည့် ယဉ်ကျေးသော စရိုက်လက္ခဏာများ၊ မေတ္တာတရားများ၊ တွေးခေါ်မြော်မြင်မှုများရှိကြပြီးဖြစ်သည်။ နိုင်ငံ၏ပကတိလိုအပ်ချက်မှာ ငြိမ်းချမ်းရေးဖြစ်သည်ကိုသိရှိကြပြီးဖြစ်သည့် မိမိတို့အားလုံးအနေဖြင့် ညီညွတ်မှုကိုရှေးရှု၍ အကျေအလည်ဆွေးနွေးအဖြေရှာပြီး ရည်မှန်းချက်ပန်းတိုင်ကို ရှာဖွေဖော်ထုတ်သွားကြရမည်ဖြစ်သည်။

ထိုသို့ရှာဖွေဖော်ထုတ်ရာတွင် ခေါင်းဆောင်များ၏ညီညွတ်မှုသည် ပြည်သူလူထုညီညွတ်မှုကို အခြေခံသည်ဖြစ်၍ ပြည်သူလူထုညီညွတ်ရေးကို ရှေးရှုရမည်ဖြစ်သည်။ ပြည်သူလူထုညီညွတ်ရေးကို ရှာဖွေရမည်ဖြစ်သည်။ ပြည်သူလူထု၏ စုပေါင်းအင်အားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်အောင် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် မတူကွဲပြားမှုများကိုအလေးထားပြီး ပြည်သူလူထုတစ်ရပ်လုံးအား အတတ်နိုင်ဆုံး အညီအမျှဖြစ်စေမည့် ဘုံရည်မှန်းချက်များကို အကျေအလည် ဆွေးနွေးညှိနှိုင်း ရှာဖွေဖော်ထုတ်ကြရမည် ဖြစ်ပါသတည်း။ ။

## ၂၀၁၉ ခုနှစ်၊ (၇၄) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထားဆောင်ရွက်ရေး။

( ခ ) သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် စဉ်ဆက်မပြတ် ခံယူလုပ်ဆောင်ရေး။

( ဂ ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသောပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် မဖြစ်မနေလိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြင့် တပ်မတော်မှ ခိုင်ခိုင်မာမာဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော် တည်ဆောက်ရေး။

## ပြည်ထောင်စုရှေ့နေချုပ် ဗြိတိန်သံရုံးမှ ဧည့်သည်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၆**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ဗြိတိန်သံရုံးမှ စီးပွားရေးရာဌာနမှူး Ms. Claire Kirkham နှင့် PWC Consortium မှ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် Mr. Nicolas Le Moignan တို့ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံသည် အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့ (APG)တွင် ၂၀၀၆ ခုနှစ်က အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီးနောက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေ၊ ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF)၏ စံနှုန်းများ၊ အကြံပြုချက်များနှင့်အညီ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းရန် ဆောင်ရွက်နေမှု၊ ငွေကြေးခဝါချမှုများကို အရေးယူဆောင်ရွက်ရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ပါဝင်ဆောင်ရွက်ရသည့် လုပ်ငန်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ UK အစိုးရ၏ နည်းပညာဆိုင်ရာ အကူအညီပေးရေးအစီအစဉ်ကို အကောင်အထည်ဖော်နေသော PWC Consortium နှင့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေး အဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မတ် ၆**

ရန်ကုန်(ရွှေဈေး) ၁၀၅၄၀၀၀ - ၁၀၅၄၀၀၀ မန္တလေး(ရွှေဈေး) ၁၀၅၄၀၀၀ - ၁၀၅၄၀၀၀

| **စက်သုံးဆီဈေးနှုန်း** | | **ရန်ကုန်** | **မန္တလေး** |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၇၅/၉၃၅ ကျပ် | ၉၄၀/၉၅၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၈၀/၈၄၀ ကျပ် | ၈၉၀/၈၉၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၈၅/၇၅၀ ကျပ် | ၇၉၅/၈၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၈၅/၉၄၅ ကျပ် | ၉၅၅/၉၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၉၀/၉၀၂ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၀၀/၉၁၂ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၃၀/၇၄၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၆.၉ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၁၅.၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၆.၁၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၇.၅၆၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၀.၆၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၅၀၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၅၆.၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၄.၃၆ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၅.၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၇.၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခန္တီးမြို့မြို့နယ်အားကစားခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

>>> ရှေ့ဖုံးမှ

စုစည်းခြင်း၊ ညီညွတ်ခြင်းသည် မိမိတို့ အင်အားများ ဖြစ်စေပြီး မတူကွဲပြားမှုများသည်လည်း အင်အားများ၏ အခြေခံတစ်ခုပင်ဖြစ်ပါကြောင်း၊ မတူကွဲပြားမှုများကြောင့် အားနည်းသွားခြင်း မဖြစ်စေလိုပါကြောင်း၊ ယင်း ရည်ရွယ်ချက်များဖြင့် ပြည်ထောင်စုအတွင်းရှိသည့် မိမိတို့ တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့် တွေ့ဆုံထိတွေ့ ပြောဆိုရန်နှင့် တစ်ဦးနှင့်တစ်ဦး အမြင်ချင်းဖလှယ်ရန် ကြိုးစားခြင်းဖြစ်ပါကြောင်း၊ အဓိကအားဖြင့် ဒေသခံများ၏ အသံကို ကြားလိုပါကြောင်း၊ ပြည်သူပြည်သားများ၏ မျှော်လင့်ချက်များ၊ စိုးရိမ်မှုများ ဘာတွေရှိလဲဆိုသည်ကို သိချင်ပါကြောင်း။

**ဖွံ့ဖြိုးတိုးတက်ခြင်းကို တစ်ပြေးညီ ဖြစ်စေလို**

ပြည်သူပြည်သားများကလည်း နိုင်ငံတော်အစိုးရ၏ တာဝန်များကို ထမ်းဆောင်နေသည့် ပုဂ္ဂိုလ်များ၏ အနေအထား၊ အတွေးအခေါ်များကိုသိရန် အခွင့်အရေး ရှိသကဲ့သို့ ရှိအောင်လုပ်ရမည့်တာဝန်လည်းရှိပါကြောင်း၊ လူတိုင်း၊ လူတိုင်းသည် ကိုယ့်နိုင်ငံကို တာဝန်ယူရမည် ဖြစ်ပါကြောင်း၊ နိုင်ငံသူ နိုင်ငံသား တစ်ဦးချင်း၊ တစ်ယောက်ချင်းသည် တာဝန်ကျေမည်ဆိုပါက နိုင်ငံအတွက် ဘာမျှစိုးရိမ်စရာမရှိပါကြောင်း။

အဓိကအားဖြင့် မိမိ၏တာဝန်ဘာလဲဆိုသည်ကို သိရန် အရေးကြီးပါကြောင်း၊ တချို့က တာဝန်ကျေသည် ဆိုသော်လည်း မိမိ၏အဓိကတာဝန် ဘာလဲဆိုသည်ကို သိပ်ပြီးမရှင်းလင်းကြပါကြောင်း၊ မိမိအနေဖြင့် ပြောလို သည်မှာ ပြည်ထောင်စုအတွက် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုကြီး ခိုင်မာရေး၊ သာယာဝပြောရေး၊ အေးချမ်းရေးစသည့် ရည်ရွယ်ချက်များ အောင်မြင်အောင်၊ ပြည့်စုံအောင်လုပ်ဆောင်နိုင်ရန် နိုင်ငံသူ နိုင်ငံသားများ၏ အရေးကြီးဆုံးတာဝန်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအပေါ် တာဝန်ကျေပြီးမှ မိမိတို့၏ ပြည်နယ်၊ တိုင်းဒေသကြီး အပေါ် တာဝန်ကျေရန် ဖြစ်နိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့ပြည်နယ်၊ တိုင်းဒေသကြီးအပေါ် တာဝန်ကျေမှ မိမိတို့ မြို့နယ်၊ ရပ်/ကျေးအပေါ် တာဝန်ကျေနိုင်မည်ဖြစ်ပါ ကြောင်း၊ မိမိတို့၏ မြို့နယ်၊ ရပ်/ကျေးအပေါ်တာဝန်ကျေမှ မိမိတို့ မိသားစုနှင့် မိတ်ဆွေအသိုင်းအဝိုင်းအပေါ် တာဝန် ကျေနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံး တာဝန်ကိုရှေ့ထားပြီး လုပ်ဆောင်စေလိုပါကြောင်း။

မိမိတို့နိုင်ငံသည် ယခုအချိန်တွင် ချမ်းသာသည့် နိုင်ငံဟု မပြောနိုင်သေးသော်လည်း တိုးတက်မှုများ သိသိ သာသာရှိလာပါကြောင်း၊ အဆိုပါတိုးတက်မှုများ ရှိလာ ခြင်းသည် ဒေသတိုင်း တန်းတူညီမျှသည့် တိုးတက်မှုကို ရောက်ချင်မှ ရောက်မည်ဖြစ်ပါကြောင်း၊ မိမိတို့၏ ရည်ရွယ်ချက်တစ်ခုမှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ခြင်းကို တစ်ပြေးညီ ဖြစ်စေလိုပါကြောင်း၊ အချို့နေရာတွင် ချမ်းသာ ကြွယ်ဝပြီး အချို့နေရာတွင် ဆင်းရဲမှုနှင့် ရုန်းကန်နေရခြင်း များ မဖြစ်စေလိုပါကြောင်း။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခန္တီးမြို့နယ် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် ဒေသခံတိုင်းရင်းသား ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

တိုးတက်ဖွံ့ဖြိုးမှုဆိုသည်မှာ တန်းတူညီမျှအားလုံး တိုးတက်ဖွံ့ဖြိုးချမ်းသာရန် ရည်ရွယ်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ချမ်းသာကြွယ်ဝမှုသည် အဓိကပြည်သူ ပြည်သားများ၏ အရည်အချင်းဖြစ်ပါကြောင်း၊ ပြည်သူ ပြည်သားများ အရည်အချင်းမြင့်မှ နိုင်ငံချမ်းသာပြီး လမ်းမှန်ပေါ်ရောက်ကာ လိုချင်သည့်ပန်းတိုင်ကို ဖြောင့်ဖြောင့်ဖြူးဖြူးရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း။

မိမိတို့ ခန္တီးသို့ လေယာဉ်ဆိုက်သည့်အချိန်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံကို တွေ့ခဲ့ရပါကြောင်း၊ ယခု ကဲ့သို့တိုင်းရင်းသားလူမျိုးပေါင်းစုံ အေးအေးချမ်းချမ်း ချစ်ချစ်ခင်ခင်နှင့် နေနိုင်သည်ဆိုခြင်းမှာ ခန္တီးမြို့၏ ဂုဏ်ကျက်သရေ ဖြစ်သကဲ့သို့ ပြည်ထောင်စုတစ်ခုလုံး၏ ဂုဏ်ကျက်သရေလည်းဖြစ်ပါကြောင်း၊ နိုင်ငံတွင် တိုင်းရင်းသား လူမျိုးပေါင်းစုံပြီး အတွေးအခေါ် ပေါင်းစုံရှိ သော်လည်း အချင်းချင်းမသင့်မြတ်စရာအကြောင်းမရှိပါ ကြောင်း၊ အတွေးအခေါ်ပေါင်းစုံကို အေးအေးဆေးဆေး ညှိနှိုင်းဖြေရှင်းနိုင်ခြင်းသည် အဓိကပင်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရသည် အကြမ်းဖက်မှုကို ယုံကြည်ထားသည့် အစိုးရမဟုတ်ပါကြောင်း၊ မိမိတို့လိုချင်သည့်ပန်းတိုင်ကို ရောက်အောင်အကြမ်းမဖက်သည့်နည်းများနှင့် သွားနိုင် သည်ဟု ယုံကြည်သည့်အစိုးရဖြစ်ပါကြောင်း၊ မည်သည့် အခါကမျှ အကြမ်းဖက်နည်းနှင့် လိုချင်သည့်ပန်းတိုင်ကို ရောက်ရန် မကြိုးစားခဲ့ပါကြောင်း၊ နောင်လည်း ကြိုးစား မည်မဟုတ်ပါကြောင်း၊ အကြမ်းမဖက်သည့်နည်းများနှင့် ဥပဒေဘောင်အတွင်းမှ လိုချင်သည့်ပန်းတိုင်ကို ပြည်သူ ပြည်သားအားလုံးနှင့် လက်တွဲပြီး ကြိုးစားသွားမည်ဖြစ်ပါ ကြောင်း။

တိုင်းရင်းသား ညီအစ်ကိုမောင်နှမများကလည်း ထိုကဲ့သို့စိတ်ဓာတ်မျိုးထားစေလိုပါကြောင်း၊ မိမိတို့ လိုချင် သည့်ပန်းတိုင်ကို တစိုက်မတ်မတ် ကံ၊ ဉာဏ်၊ ဝီရိယဆောင် ပြီး သွားကြစေလိုပါကြောင်း၊ ထိုသို့ သွားသည့်အခါ ငြိမ်းငြိမ်းချမ်းချမ်းနှင့် နိုင်ငံ၏ ညီညွတ်ရေးကို ရှေးရှုပြီး သွားကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ပြည်သူ ပြည်သား များအတွက် ဖွံ့ဖြိုးတိုးတက်ရန် များစွာလိုအပ်နေပါ သေးကြောင်း၊ ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရန် လိုသည့်အချိန် တွင် မကျေနပ်မှုများကို အားလုံးအတူလက်တွဲပြီး ဖြေရှင်း ၍ ရနိုင်ပါကြောင်း၊ အားလုံးအတူလက်တွဲပြီး ဖြေရှင်းရာ တွင် မိမိတို့ ပြည်သူပြည်သားများ၊ နိုင်ငံ့ဝန်ထမ်းများ၊ အစိုးရတာဝန်ကို ထမ်းဆောင်နေသည့် အစိုးရအဖွဲ့ဝင်များ လည်း ပါဝင်ရမည်ဖြစ်ပါကြောင်း။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခန္တီးမြို့ ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသနေသည့် ကလေးငယ်တစ်ဦးအား ကြည့်ရှုအားပေးစဉ်။

**နှစ်ဦးနှစ်ဖက်စလုံး အပြန်အလှန်လေးစား**

အခက်အခဲများရှိသည့်ဒေသများတွင် တာဝန် ထမ်းဆောင်နေသည့် ဝန်ထမ်းများအနေဖြင့် မိမိနိုင်ငံ အတွက် တာဝန်ထမ်းဆောင်နိုင်ခြင်းကို ဂုဏ်ယူကြစေလိုပါ ကြောင်း၊ နိုင်ငံ့အကျိုးအတွက် နိစ္စဓူဝလုပ်ပိုင်ခွင့်ရှိခြင်း ကို ဂုဏ်ယူစေလိုပါကြောင်း၊ ယင်းစိတ်နှင့် လုပ်စေချင်ပါ ကြောင်း၊ ပြည်သူပြည်သားများအပေါ် စေတနာထားပြီး တာဝန်ကို ထမ်းဆောင်စေလိုပါကြောင်း။

ဝန်ထမ်းများကို အထူးမေတ္တာရပ်ခံလိုသည်မှာ မိမိ တို့၏ တာဝန်ကို ကျေပွန်ရုံမက ပြည်သူအပေါ် စေတနာ အပြည့်အဝနှင့် လုပ်ဆောင်ပေးကြရန် သတိပေးလိုပါ ကြောင်း၊ ပြည်သူနှင့်ဝန်ထမ်းများ၏ ဆက်ဆံရေးသည် နှစ်ဦးနှစ်ဖက်စလုံး အပြန်အလှန် လေးစားမှုရှိရမည်ဖြစ်ပါ ကြောင်း၊ ဝန်ထမ်းများကလည်း ပြည်သူကိုလေးစားပြီး ပြည်သူကလည်း ဝန်ထမ်းများကို လေးစားရမည်ဖြစ်ပါ ကြောင်း၊ အချို့သော ပြည်သူများ၏ စိတ်ထဲတွင် ဝန်ထမ်း များသည် ဩဇာပြရန်နှင့် ဖိနှိပ်ရန်ဟု ထင်နေကြပါကြောင်း၊ ယင်းသို့ အထင်ခံနေရသည့်ဝန်ထမ်းများကလည်း မိမိ ကိုယ်ကိုပြန်ပြီး သုံးသပ်စေလိုပါကြောင်း၊ မိမိအနေဖြင့် ဘာကြောင့် အထင်ခံရသလဲဆိုသည်ကို စဉ်းစားပြီး ယင်းသို့အထင်မခံရအောင် နေစေလိုပါကြောင်း၊ ပြည်သူ ပြည်သားများအနေဖြင့်လည်း ဝန်ထမ်းများ၏ အလုပ်ကို နားလည်ပေးစေလိုပါကြောင်း။ **စာမျက်နှာ ၄ သို့** ❍

○ စာမျက်နှာ ၃ မှ

မိမိတို့နိုင်ငံက ဝန်ထမ်းများသည် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကဝန်ထမ်းများနှင့် ယှဉ်ပါက အခွင့်အရေးနည်းပါးပါကြောင်း၊ လစာ၊ ဝင်ငွေ နည်းပါးပါကြောင်း၊ သို့သော် မိမိတို့အားလုံးဝိုင်းပြီး လုပ်ဆောင်နေခြင်းသည် တစ်ဦးတစ်ယောက်တည်းချမ်းသာရန် မဟုတ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံလုံးချမ်းသာရန် လုပ်ဆောင်နေကြခြင်းဖြစ်ပါကြောင်း၊ ဝန်ထမ်းများကလည်း နိုင်ငံတစ်နိုင်ငံလုံး ချမ်းသာရန် လုပ်ဆောင်နေရမည်ဆိုသည့် စိတ်နှင့်တာဝန်ထမ်းဆောင်သကဲ့သို့ ပြည်သူ ပြည်သားများကလည်း ဝန်ထမ်းများ မှန်မှန်ကန်ကန်နှင့် နိုင်ငံအကျိုး လုပ်ဆောင်နိုင်အောင် အားပေးစေလိုပါကြောင်း၊ ပံ့ပိုးပေးစေလိုပါကြောင်း၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ပံ့ပိုးမှ တစ်ဖွဲ့နှင့်တစ်ဖွဲ့ နားလည်မှုရှိမှ နိုင်ငံက တိုးတက်နိုင်မည်ဖြစ်ပါကြောင်း၊ မေတ္တာ၊ စေတနာ၊ အခြေခံသည့်စနစ်သာလျှင် ရေရှည်တွင် အောင်မြင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့သည် ရေတိုအကျိုးအမြတ်များကို မကြည့်ဘဲ နိုင်ငံ၏သာယာငြိမ်းချမ်းရေးကိုကြည့်ပြီး လက်တွဲဆောင်ရွက်ကြရန် မေတ္တာရပ်ခံလိုပါကြောင်း။

**အောင်မြင်စေချင်သည့်စိတ်နှင့် မေးမြန်းစေလို**

ကျန်းမာရေး၊ ပညာရေးနှင့်ပတ်သက်၍ ပြောရမည်ဆိုပါက တစ်နိုင်ငံလုံးတွင် ပညာရေး၊ ကျန်းမာရေး လုံလောက်သည့်အခြေအနေ၊ ဖြစ်စေချင်သည့်အခြေအနေသို့ မရောက်သေးပါကြောင်း၊ သို့သော် ကြိုးစားနေပါကြောင်း၊ မိမိအနေဖြင့် သတိထားမိသည့် မေးခွန်းများတွင် ကျန်းမာရေးနှင့်ပတ်သက်သည့် မေးခွန်းများ ပါဝင်ပါကြောင်း၊ အချို့မေးခွန်းများသည် တိုင်းဒေသကြီးအစိုးရက ဖြေဆိုရမည့်မေးခွန်းများဖြစ်ပါကြောင်း၊ တိုင်းအစိုးရက ဖြေဆိုရမည့်မေးခွန်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာဝန်ကြီးများက ဖြေဆိုမည်ဖြစ်ပါကြောင်း။

အမေးအဖြေလုပ်ခြင်းသည် တစ်ဦးနှင့်တစ်ဦး နားလည်မှုရှာခြင်းဟု ပြောလိုပါကြောင်း၊ ထို့ကြောင့် မေးခွန်းများ မေးမြန်းဖြေကြားရာတွင် နှစ်ဦးနှစ်ဖက် မိတ်ဆွေစိတ်နှင့် တစ်ဦးကိုတစ်ဦး ကူညီချင်သည့်စိတ်၊ အောင်မြင်စေချင်သည့်စိတ်နှင့် မေးမြန်းစေလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် တက်ရောက်လာကြသူများက သိမ်းဆည်းမြေ ပြန်လည်ရရှိရေး၊ မြေယာနစ်နာမှုအတွက် မြေကွက်အစားရရှိရေး၊ နာဂရိုးရာ ထုံးတမ်းအစဉ်အလာများအား မြှင့်တင်ရာတွင် နိုင်ငံတော်အစိုးရက ပံ့ပိုးကူညီပေးရေး၊ ဝန်ထမ်းများ ခန့်အပ်ရာတွင် ဒေသခံများအား ဦးစားပေးခန့်ထားရေး၊ မြေယာသိမ်းဆည်းပြီး မြေကွက်များ ထုတ်ဖော်ခဲ့ရာတွင် ကျန်မြေကွက်များတွင် နစ်နာသူများ နေထိုင်ခွင့်ရရှိရေး၊ ဟုမ္မလင်းမှ ခန္တီးသို့ သစ်သယ်ယူခွင့်ရရှိရေး၊ နန်စီပွန်ကျေးရွာမှ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ပေးရေး၊ ဆရာ ဆရာမ ဖြည့်ဆည်းပေးရေး၊ တိုင်းရင်းသားဘာသာစာအုပ်များ ထောက်ပံ့ပေးရေး၊ တိုင်းရင်းသားစာပေသင်ကြားသည့် ဆရာ ဆရာမများအား သင်တန်းများ တက်ရောက်ခွင့်ရရှိရေး၊ ခန္တီးမြို့ လျှပ်စစ်ဓာတ်အား ရရှိရေး၊ နန်စီပွန်ဒေသတွင် ကျောက်စိမ်းတူးဖော်ခွင့်ရရှိသည့် ကုမ္ပဏီများအနေဖြင့် ခွင့်ပြုရက်နှင့် သတ်မှတ်ကာလ ကုန်ဆုံးရက်တို့ကို အများပြည်သူများ သိရှိနိုင်အောင် ဆိုင်းဘုတ်များ စိုက်ထူပေးရေးတို့နှင့် စပ်လျဉ်း၍ တင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ဆောင်ရွက်ပေးမည့် အခြေအနေများကို ပြန်လည်ရှင်းလင်းကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူများသိမ်းဆည်းမြေများ ပြန်လည်ရရှိရေးအတွက် စနစ်တကျ ဆောင်ရွက်တတ်စေရန် တာဝန်ရှိသူများက ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်ပါကြောင်း၊ ဒေသတိုင်းတွင် ပြောဆိုသည့် ဘာသာစကားများ ကွာခြားပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ဘာသာစကားကျွမ်းကျင်သည့် ဒေသခံများကို ဦးစားပေးရွေးချယ်ရေးအတွက် မူဝါဒချမှတ်ရန် စီစဉ်လျက်ရှိပါကြောင်း၊ နာဂရိုးရာ ထုံးတမ်းအစဉ်အလာများဖြစ်သည့် တောင်ယာစိုက်ပျိုးမှုများနှင့် ပတ်သက်ပြီး ခွင့်ပြုချက်များ ရယူရာတွင် လွယ်ကူလျင်မြန်စေရန် အုပ်ချုပ်ရေးဘက် တာဝန်ရှိသူများက ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ လျင်မြန်စွာဆောင်ရွက်နိုင်ရေး တိုင်းဒေသကြီး အစိုးရအား မှာကြားခဲ့ပါကြောင်း၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း ထိန်းသိမ်းမြှင့်တင်ရေးနှင့် ပတ်သက်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရတို့က ဖြည့်ဆည်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ လဟယ်မြို့ စာရာမေရီရိပ်သာ၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။

ခန္တီးပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံတက်ရောက်ကုသနေသည့် လူနာများအား အားပေးစကား ပြောကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ခန္တီးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ လဟယ်မြို့သို့ ရောက်ရှိကြပြီး လဟယ်မြို့ စာရာမေရီရိပ်သာ၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လဟယ်မြို့၌ ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေ ကျပ်သိန်း ၂၀၀ နှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်ရာ မြို့မိမြို့ဖများက လက်ခံကြစဉ်။

**လဟယ်မြို့သို့ ရောက်ရှိ**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဒေသခံ တိုင်းရင်းသား ကျောင်းသား ကျောင်းသူလေးများနှင့် မှတ်တမ်းဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဝေးလံခေါင်သီသည့်ဒေသများ၏ လိုအပ်ချက်မှာ ဆင်တူပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးမှာ အဓိကကျပါကြောင်း၊ လဟယ်ဒေသ၏ လမ်းပန်းဆက်သွယ်ရေးမှာ တိုးတက်နေပြီဖြစ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြားဖွံ့ဖြိုးမှုမှာ ဆက်နွှယ်နေပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယခုထက်တိုးတက်အောင် လုပ်ဆောင်သွားရမည်ဖြစ်ပြီး အရေးကြီးပါကြောင်း၊ ပညာရေးကဏ္ဍတွင် ဆရာ ဆရာမလိုအပ်ချက်ဖြည့်ဆည်းနိုင်ရန်မှာ ငွေကြေးလိုအပ်ချက်ဖြစ်ပါကြောင်း၊ ပညာရေးဘတ်ဂျက်ကိုလည်း တိုးမြှင့်သုံးစွဲလျက်ရှိပါကြောင်း၊ ပညာရေးဝန်ထမ်းများအဖြစ် ဒေသခံများအား ခန့်အပ်နိုင်ရေးကို လုပ်ဆောင်နေပါကြောင်း၊ ဆရာ ဆရာမများကိုလည်း တိုင်းရင်းသားစာပေ၊ ဘာသာစကားတတ်မြောက်အောင် ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ကျန်းမာရေးကဏ္ဍတွင် ကျန်းမာရေးဝန်ထမ်းများ၏ အရည်အချင်းကို ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ဝေးလံခေါင်သီသည့် ဒေသများတွင် တာဝန်ထမ်းဆောင်နေကြသည့် ပညာရေး၊ ကျန်းမာရေးဝန်ထမ်းများအတွက် အိမ်ရာများကိုလည်း ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

စာမျက်နှာ ၅ သို့ ○



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဟုမ္မလင်းမြို့မှ ဒေသခံတိုင်းရင်းသားပြည်သူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဟုမ္မလင်းမြို့နယ် အားကစားခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

○ စာမျက်နှာ ၄ မှ

ယင်းနောက် မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများ တင်ပြထားသည့် လိုအပ်ချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သိမ်းဆည်းခံလယ်ယာမြေများနှင့် စပ်လျဉ်း၍ မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ရေးအတွက် ၂၀၁၃ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်ထားပါကြောင်း၊ သိမ်းဆည်းမြေ ပြန်လည်စိစစ်ရာတွင် ၁၉၈၈ နောက်ပိုင်း သိမ်းဆည်းမြေများသာ အကျုံးဝင်ပါကြောင်း၊ သိမ်းဆည်းမြေများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် သိမ်းဆည်းသူများကိုယ်တိုင်က ပြန်လည်မပေးအပ်လိုခြင်း၊ အချို့တွင် အုပ်ချုပ်ရေးအဖွဲ့များ၏ စီမံခန့်ခွဲမှုကြန့်ကြာနေခြင်း၊ ပိုင်ဆိုင်မှုအငြင်းပွားနေခြင်းတို့ကြောင့် ဖြစ်ပါကြောင်း၊ သို့သော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်ပြီး ဆောင်ရွက်နေပါကြောင်း၊ လဟယ်မြို့ပေါ် သောက်သုံးရေဖူလုံရေးလုပ်ငန်းဆောင်ရွက်ရန် ဘဏ္ဍာငွေရရှိပြီးဖြစ်သည်ဟု သိရပါကြောင်း၊ သိမ်းဆည်းမြေမှ အသုံးမပြုသည့်မြေအား မြို့မြေတိုးချဲ့ရေးတင်ပြချက်ကိုလည်း စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လဟယ်-ရန်လုံးလမ်း ရာသီမရွေးသွားလာနိုင်ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစတင်ပြီး ရန်ပုံငွေတင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နာဂကုန်သွယ်ရေးဇုန် ဖွင့်လှစ်နိုင်ရန် လဟယ်-ရန်လုံးလမ်း ရာသီမရွေးသွားနိုင်ရေးဆောင်ရွက်ပြီးစီးသည့်အခါမှသာ အဆင်ပြေနိုင်မည်ဖြစ်ကြောင်း၊ နာဂရိုးရာပြတိုက် တည်ဆောက်နိုင်ရန် တိုင်းဒေသကြီးအစိုးရက ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ လဟယ်မြို့မှ ဒေသခံများအား ပညာရေးဝန်ထမ်းများအဖြစ် ခန့်အပ်ပေးနိုင်ရေးမှာလည်း ဘာသာစကားကျွမ်းကျင်မှုကို အခြေခံ၍ ဦးစားပေးခန့်အပ်ရန် စီစဉ်လျက်ရှိပါကြောင်း ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**ဟုမ္မလင်းမြို့သို့ ရောက်ရှိ**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေကျပ် သိန်း ၂၀၀ နှင့် စားသောက်ကုန်ပစ္စည်းများကိုပေးအပ်ရာ မြို့မိ မြို့ဖများက လက်ခံကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ဂါရဝပြုလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ခန္တီးမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ဟုမ္မလင်းမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဟုမ္မလင်းမြို့နယ် အားကစားခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့ အစိုးရအနေဖြင့် စတင်တာဝန်ယူချိန်မှစပြီး ဝေးလံခေါင်သီသည့် ဒေသများဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထားဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဟုမ္မလင်းမြို့နယ်လည်း ပါဝင်ပါကြောင်း၊ လူတိုင်းသည် အခွင့်အရေးရှိပြီး တာဝန်လည်းရှိပါကြောင်း၊ ထို့ကြောင့် တာဝန်နှင့်အခွင့်အရေးကို မျှမျှတတဖြစ်စေလိုပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အခက်အခဲများအကြားမှ ညီညီမျှမျှဖွံ့ဖြိုးတိုးတက်မှုရှိရန် ဆောင်ရွက်နေပါကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍမှာ သိသိသာသာ တိုးတက်လာပါကြောင်း၊ သို့သော် လုံလောက်သည့် တိုးတက်မှု မဟုတ်သေးပါကြောင်း၊ မိမိတို့အတွက် တန်ဖိုးအရှိဆုံးအရင်းအမြစ်မှာ ပြည်သူဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်ပြီး မတူညီသည့် တိုင်းရင်းသားများ အတူတကွနေထိုင်ခြင်းမှာ နိုင်ငံတော်ကို ပိုမိုလှပစေပါကြောင်း ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများက IEE/EMP ကူးဆွဲရန် ကုန်ကျစရိတ်အတွက် အသေးစား၊ အလတ်စားလုပ်ငန်းများကို ဖြေလျှော့ပေးရေး၊ ရွှေတူးဖော်ရာတွင် ပြဒါးသုံးစွဲမှုနှင့်စပ်လျဉ်း၍ ပြည်သူလူထု၏ အခက်အခဲကို နားထောင်ပေးရေး၊ ဟုမ္မလင်းမြို့ လက်ရှိတွင် မီတာခစျေးနှုန်းမြင့်မားနေသည့်အတွက် ရေအားလျှပ်စစ်ဆောင်ရွက်ပေးရေး၊ ချင်းတွင်းမြစ်ကူးတံတားနှင့် ဟုမ္မလင်းရပ်ကွက် လမ်းဖောက်ပေးရေး၊ ဟုမ္မလင်းဆိပ်ကမ်းအား မြေထိန်းနံရံဆောင်ရွက်ပေးနိုင်ရေး၊ ဟုမ္မလင်းမြို့တာပတောင်းကျေးရွာချောင်း တိမ်ကောနေမှုအား ပြုပြင်ပေးရေး၊ သိမ်းဆည်းမြေပြန်လည်ရရှိရေး၊ နောင်ပိုအောင်-နမ့်တောကျေးရွာချင်းဆက်လမ်း ကွန်ကရစ်လမ်းဆောင်ရွက်ပေးရေး၊ ဟုမ္မလင်းဈေးဆိုင်ခန်းများ အခွန်ကောက်ခံမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပေးရေး၊ ဟုမ္မလင်းမြို့ချောင်းကြီးချောင်းအတွင်း စက်ယန္တရားများဖြင့် ရွှေတူးဖော်နေမှုအား စိစစ်ပေးရေး၊ ဟုမ္မလင်း- ဗန်းမောက်လမ်းအဆင့်မြှင့်တင်ပေးရေး၊ မြေနုကျွန်းများရရှိရေးနှင့် ရွှေတူးဖော်မှုကြောင့် လယ်မြေများ ရွံ့ညွန်များကြောင့် ပျက်စီးနေသည့်အတွက် စိစစ်ဆောင်ရွက်ပေးရေးတို့နှင့် စပ်လျဉ်း၍ တင်ပြကြသည်။

**ဖြည့်စွက်ရှင်းလင်း**

တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများအား ရှင်းလင်းပြောကြားပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဒေသခံပြည်သူများအနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ယုံကြည်ကြစေလိုကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း ပြည်သူနှင့် ရင်းရင်းနှီးနှီးရှိအောင် ရပ်ကွက်၊ ကျေးရွာများအထိ သွားရောက်ပြီး ပြည်သူ၏ ယုံကြည်မှုရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၆ မှ

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ကိုယ်စားလှယ် ၁၅ ဦး၏ ဆွေးနွေးချက်များတွင် အချက် ၁၁ ချက် တွေ့ရှိရပါကြောင်း၊ အများစု၏ ဆွေးနွေးချက်သည် ကျေးလက်လမ်း တံတားများအတွက် ဘတ်ဂျက်ရန်ပုံငွေ ပိုမိုချထားပေးရန်ဆိုသည့် အချက်က ပိုမိုများပြားပါကြောင်း၊ အရည်အသွေးကောင်းမွန်ရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ဆောင်ရွက်ရန်၊ ကျေးလက်လမ်း၊ တံတားများ ရန်ပုံငွေ ရွေးချယ်သည့်အခါတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ပြန်လည်ရရှိမည့် အကျိုးအမြတ်ကို တွက်ချက်ပြီးမှသာ စီမံကိန်းကို ရွေးချယ်ရန်၊ Class A,B,C ရွေးချယ်ပုံနှင့် လမ်းနယ် အကျယ်ထားရှိသည်ကို ပြန်လည်သုံးသပ်ရန်၊ ကျေးလက်လမ်းဦးစီးဌာနအနေဖြင့် ဝန်ထမ်းဦးရေနည်းပါးခြင်းကိစ္စ၊ Core Rural Road Network (CRRN) လမ်းများကို ပြန်လည်သုံးသပ်ပေးရန်၊ ကျေးလက်လမ်း ဥပဒေအသစ် ပြန်လည်ရေးဆွဲပြဋ္ဌာန်းရန်၊ လမ်း၊ တံတားများ၏ ခံနိုင်ဝန် ပြန်လည်သုံးသပ်ရေးဆွဲပေးရန်၊ ဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းမှုအားနည်းသောကြောင့် အောက်ခြေမှ အဖြစ်အပျက်များကို တာဝန်ရှိသူများက သေချာသိစေရန် စသည်တို့ကို ထောက်ပြသွားပါကြောင်း။

မိမိဝန်ကြီးဌာနအနေဖြင့် အကြံပြုချက်များနှင့် ဝေဖန်ထောက်ပြချက်များကို မှတ်တမ်းတင်ထားမည်ဖြစ်ပါကြောင်း၊ ဌာနအတွင်းတွင်လည်း ပြန်လည်သုံးသပ်မည်ဖြစ်ပါကြောင်း၊ ပြင်ဆင်ရန် လိုအပ်သည်များကိုလည်း ပြင်ဆင်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ပိုမိုပံ့ပိုးရရှိမည့် ရန်ပုံငွေများကို အလေအလွင့်မရှိ အသုံးပြုနိုင်ရန်အတွက် အရည်အသွေးစစ်ဆေးရေးအဖွဲ့များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဖွဲ့စည်းပေးထားသည့် အဖွဲ့အစည်းများ၏ စစ်ဆေးကြပ်မတ်မှုများနှင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဆိုအား ပြည်သူ့လွှတ်တော်တွင် အတည်ပြုပေးနိုင်ပါရန် ထောက်ခံတင်ပြပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ ဆန္ဒရယူရာ သဘောမတူသူမရှိသည့်အတွက် အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို မတ် ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# တစ်မျိုးတည်းသော မြေပုံစနစ်ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်းချမှတ်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း


ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး


မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဒေါက်တာ ဇော်လင်းထွဋ်


ဥပဒေကြမ်း ကော်မတီဝင် ဒေါ်နန်းနီနီအေး


ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၄)မှ ဦးထိန်ဝင်း

**နေပြည်တော် မတ် ၆**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေအား ဥပဒေပြုပြီးနောက် စိစစ်ခြင်းအစီရင်ခံစာကို တင်သွင်းခြင်းနှင့် အဆို(၁)ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

## တက္ကသိုလ်ဝင်ခွင့် ရွေးချယ်မှုစနစ် ပြန်လည်သုံးသပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ

အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) မှ ဒေါက်တာ ဇော်လင်းထွဋ်၏ **၂၀၁၇-၂၀၁၈ ပညာသင်နှစ် အခြေခံပညာအထက်တန်းအောင် ကျောင်းသား ကျောင်းသူများအား တက္ကသိုလ်ပညာ သင်ကြားခွင့် ရွေးချယ်ရာတွင် အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့၏ ရွေးချယ်မှုနှင့် သီးခြားတိုက်ရိုက်လျှောက်ထားခွင့်ပြုသော တက္ကသိုလ်(၁၁)ခုစီမှ သီးခြားရွေးချယ်မှုစနစ်(၂)ခုအရ ကျောင်းသား ကျောင်းသူများ နစ်နာမှုရှိခဲ့ပါသဖြင့် ထိုရွေးချယ်မှုစနစ်ကို ပြန်လည်သုံးသပ်ပေးရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက လွှတ်တော်ကိုယ်စားလှယ် အကြံပြုတင်ပြသည့်အတိုင်း ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေးစနစ်ကို ယခင်နှစ်က ကိုယ်ပိုင်သီးခြားတိုက်ရိုက်လျှောက်ထားခွင့်ပြုသည့် တက္ကသိုလ်အရေအတွက် ၁၃ ခုနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်နှင့် ဆေးနီးနွယ်တက္ကသိုလ် ၁၅ ခုအတွက် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားမည့် လျှောက်လွှာတစ်ခုတည်းကိုသာ ဦးစားပေးအစီအစဉ်အတိုင်း ဖြည့်စွက်လျှောက်ထားစေမည် ဖြစ်ပါကြောင်း။

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်ခွင့်ရွေးချယ်မှုစနစ်ကို ပြန်လည်သုံးသပ်ရန်အတွက် ပါမောက္ခချုပ်များကော်မတီမှ ဦးဆောင်၍ ဘာသာရပ်နယ်ပယ်မတူသော တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများမှ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်မှုစနစ်ကို ပြန်လည်သုံးသပ်ပြီး အသင့်တော်ဆုံးဖြစ်မည့် ရွေးချယ်မှုစနစ်ကို ဆွေးနွေးရန်အတွက် အစည်းအဝေးကို မတ် ၉ ရက်တွင် ပြင်ဆင်ညှိနှိုင်းစီစဉ်ဆောင်ရွက်ထားရှိပါကြောင်းနှင့် စကားဝိုင်းဆွေးနွေးပွဲများ၊ သတင်းစာများ၊ မီဒီယာများ၊ ဝက်ဘ်ဆိုက်များမှတစ်ဆင့် ကျောင်းသား ကျောင်းသူများ၊ မိဘများ၊ အုပ်ထိန်းသူများနှင့် ပြည်သူများသိရှိနိုင်ရန် တာဝန်ယူ၍ အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

## ကျောင်းဆောင်နှင့် ဆရာ ဆရာမများ တစ်နိုင်ငံလုံးအတွက် လိုအပ်နေ

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း၏ **တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ရေမြစ်ကြီးကျေးရွာအုပ်စု ဒုံးပုလဲအော် အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် ၂၀၁၉ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကျွန်းစုမြို့နယ် ဒုံးပုလဲအော် အခြေခံပညာအလယ်တန်းကျောင်းတွင် အလယ်တန်းအဆင့် ပညာသင်ယူနေသည့် ကျောင်းသား ကျောင်းသူ ၂၂၄ ဦးရှိပါကြောင်း၊ သို့သော် ကျွန်းစုအခြေခံပညာအထက်တန်းကျောင်းနှင့် ၃၅ မိုင်ခန့်ကွာဝေးသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် စိစစ်ချက်အရ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့်အတွက် ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ရန် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ သို့သော် လိုအပ်သည့် ကျောင်းဆောင်နှင့် ဆရာ ဆရာမများသည် တစ်နိုင်ငံလုံးအတွက် လိုအပ်နေခြင်းကြောင့် ကျောင်းဆောင်နှင့် ဆရာ ဆရာမကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသည်ကို လေးစားစွာတင်ပြအပ်ပါကြောင်း ဖြေကြားသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

## နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အစီရင်ခံစာ ဖတ်ကြား

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းနီနီအေးက **နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်းက **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲသည့် အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် အဆိုတင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် မြေယာအုပ်ချုပ်ရေးကဏ္ဍတွင် ပိုမိုထိရောက်စွာနှင့် ရှင်းလင်းလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ခိုင်မာမှန်ကန်သော မြေယာဆိုင်ရာအချက်အလက်များ ရရှိရေး မြေယာမှတ်ပုံတင်လုပ်ငန်းကို မဖြစ်မနေ ဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ ထိုသို့ဆောင်ရွက်ရန် မူလအခြေခံလိုအပ်ချက်ဖြစ်သည့် တစ်မျိုးတည်းသော မြေပုံစနစ်ဖြင့် မြို့မြေ၊ ရွာမြေနှင့် မြေယာအားလုံးကို ပြုစုမှတ်တမ်းတင်ထားနိုင်ရေး ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတကာမှ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၏ အကူအညီများရယူလျက် တစ်မျိုးတည်းသော မြေပုံစနစ်ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်ရန်** ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးဘမျိုးသိန်းက မြေနှင့်သက်ဆိုင်သည့် စီမံခန့်ခွဲမှုများ၊ မြေနှင့်သက်ဆိုင်သည့် ဥပဒေများ၊ မြေနှင့်သက်ဆိုင်သည့် မှတ်တမ်းများသည် တစ်ခုနှင့်တစ်ခု ဆက်နွယ်၍ သဟဇာတဖြစ်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများအကြား အချင်းချင်းပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် တစ်နိုင်ငံလုံးနှင့်သက်ဆိုင်သည့် လုပ်ငန်းများဖြစ်သည့်အတွက် နိုင်ငံသားများ၊ တိုင်းရင်းသားများကိုလည်း အသိပေးခြင်း၊ ရှင်းလင်းပြောကြားခြင်းများလိုအပ်သကဲ့သို့ နိုင်ငံသားများ၊ တိုင်းရင်းသားများ၏ အကူအညီပူးပေါင်းဆောင်ရွက်မှုလည်း လိုအပ်ပါကြောင်း။

အလားတူ မြေနှင့်သက်ဆိုင်သည့် အဖွဲ့အစည်းများ၏ ပူးပေါင်းကူညီမှုများလည်း လိုအပ်ပါကြောင်း၊ ယခုကဲ့သို့ အားလုံး၏ ပူးပေါင်းကူညီဆောင်ရွက်မှု၊ ညှိနှိုင်းမှု၊ ကူညီပံ့ပိုးမှုများဖြင့်သာ ရည်မှန်းချက်အောင်မြင်ပြီး လိုအပ်နေသည့် တစ်ခုတည်းသော မြေပုံစနစ် အောင်မြင်နိုင်မည် ဖြစ်ပါကြောင်း၊ ထို့ပြင် စနစ်တစ်ခု အောင်မြင်သွားပါက ၎င်းစနစ်ကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထိုသို့ စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းအားဖြင့် ပိုမိုကောင်းမွန်သည့်စနစ်တစ်ခု ဖန်တီးပြီး မိမိတို့နိုင်ငံ၏ လိုအပ်နေသည့် တစ်ခုတည်းသော မြေပုံစနစ်တစ်ခု၊ မြေယာမှတ်တမ်းပုံစံတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်းက တစ်မျိုးတည်းသော မြေပုံစနစ်နှင့် မြေယာမှတ်ပုံတင်ရေးကို ဆောင်ရွက်မည်ဆိုပါက ပြန့်ကျဲနေသည့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးရှိ မြေယာမှတ်တမ်းများအားလုံးကို စုစည်းရမည်ဖြစ်ပြီး ဌာနချင်း ညှိနှိုင်းပေါင်းစပ်မှုများ လုပ်ဆောင်ကြရမည် ဖြစ်ပါကြောင်း၊ ဌာနပေါင်းစုံတွင်ရှိသည့် အားလုံးသော မြေယာဆိုင်ရာ မှတ်တမ်းများအားလုံးကို စုစုစည်းစည်းပြုလုပ်ပြီး ပြန်လည်စိစစ်ခြင်းများ လုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊ ဥပဒေအရပေးထားသည့် တိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာ မြေနေရာများကိုလည်း ဖော်ထုတ်ပေးရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် တစ်ခုတည်းသော မြေပုံစနစ် ပြုစုမည်ဆိုပါက အချိန်၊ ငွေကြေး၊ နည်းပညာနှင့် ပစ္စည်းကိရိယာများ လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တစ်ခုတည်းသောမြေကြီးမြေပုံစနစ်နှင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းများကို လျင်မြန်စွာဆောင်ရွက်သင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်နှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်တို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီဝင် ဒေါက်တာဝင်းမြင့်ချစ်က အမျိုးသားလွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ၏ ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေအား ဥပဒေပြုပြီးနောက် စိစစ်ခြင်းအစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုပါစိစစ်ခြင်း အစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂) ရက်မြောက်နေ့ကို မတ် ၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ လူမော်(သတင်းစဉ်)**




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကမ္ဘာ့ရေနေ့ (၂၀၁၉) အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်စဉ်။

❖ **ဒုတိယသမ္မတမှ**

အခမ်းအနားတွင် ဒုတိယသမ္မတက အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ၂၀၁၃ ခုနှစ်တွင် စတင်ဖွဲ့စည်းပြီး ၂၀၁၄ ခုနှစ်မှစတင်၍ ကမ္ဘာ့ရေနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပခဲ့ပါကြောင်း၊ ရေနှင့်ပတ်သက်၍ ပိုမိုအလေးထားဆောင်ရွက်စေရန်၊ ရေနှင့်ဆက်နွယ်သက်ဆိုင်သူများအကြား အတွေ့အကြုံနှင့် နည်းပညာများဖလှယ်ရန်၊ ရေနှင့်ပတ်သက်သည့် သုတေသနနှင့် နည်းပညာများအားကောင်းစေရန်၊ ရေနှင့်ဆက်နွယ်သည့် အဖွဲ့အစည်းများအကြား ဆက်သွယ်ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် စသည့် ရည်ရွယ်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုနှစ် ၂၀၁၉ ခုနှစ် ကမ္ဘာ့ရေနေ့အတွက် အထူးပြုအကြောင်းအရာ "Theme" မှာ လူသားအခွင့်အရေးအရ ဒုက္ခသည်များအပါအဝင် "မည်သူ့ကိုမျှ နောက်ချန်မထားရေး" "Leaving No One Behind" ဖြစ်ပါကြောင်း၊ လုံခြုံဘေးကင်းသည့်ရေ၊ ကောင်းမွန်သည့်ရေနှင့်သန့်ရှင်းမှုစနစ်တို့ကို လက်လှမ်းမမီဘဲ ကျန်ရှိခဲ့သူများစွာအတွက် အကြောင်းရင်းများ အလေးထားရှာဖွေဖြေရှင်းကြရန် ရည်ရွယ်၍ UN-Water အနေဖြင့် အဆိုပါအထူးပြုအကြောင်းအရာ "Theme" ကို သတ်မှတ်ထားခြင်းဖြစ်ပါကြောင်း။




Water Mothers Organization နာယက ဒေါက်တာရွှေလွှမ်း ကမ္ဘာ့ရေနေ့ (၂၀၁၉) အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သည့် "မည်သူ့ကိုမျှ နောက်ချန်မထားရေး" "Leaving No One Behind" နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားစဉ်။

**ရေအရင်းအမြစ်များ ပေါကြွယ်ဝသောနိုင်ငံ**

ယနေ့ ကမ္ဘာ့လူဦးရေ ၁ ဘီလီယံခန့်သည် လုံခြုံဘေးကင်းသည့် သောက်သုံးရေ မရရှိနိုင်သေးသည့်အတွက် ၎င်းတို့၏ ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် သက်ရောက်မှုများ ရှိနေပါကြောင်း၊ ကမ္ဘာ့လူဦးရေ ၂ ဒသမ ၃ ဘီလီယံခန့်သည် ကောင်းမွန်သည့်မိလ္လာစနစ်ဖြင့် အလှမ်းဝေးကွာဆဲဖြစ်သည့်အတွက် ၎င်းတို့၏ သက်ရှည်ကျန်းမာမှုများအပေါ် သက်ရောက်မှုများ ခံစားနေကြရဆဲဖြစ်ပါကြောင်း။

သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် ရေနှင့်ဆက်နွယ်သည့် အခက်အခဲပြဿနာများကို ကမ္ဘာ့နေရာအနှံ့အပြားတွင် တွေ့ကြုံနေကြရပါကြောင်း၊ ရေကြီးရေလျှံမှု၊ မိုးခေါင်ရေရှားမှု၊ လေပြင်းမုန်တိုင်းကျရောက်မှု စသည့်သဘာဝဘေးအန္တရာယ်များကြောင့် လုံခြုံဘေးကင်းသည့် သောက်သုံးရေ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ စိုက်ပျိုးရေရရှိရေး အပါအဝင် ကဏ္ဍစုံထိခိုက်စေမှုများကြောင့် ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် နိုင်ငံများ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအပေါ် ကြီးမားသည့်သက်ရောက်မှုများ ဖြစ်ပေါ်နေဆဲဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ ရေနှင့်ပတ်သက်သည့် အခက်အခဲပြဿနာများကို တွေ့ကြုံခံစားနေရပါကြောင်း။

မိမိတို့နိုင်ငံသည် ရေအရင်းအမြစ်ကြွယ်ဝပြီး အာဆီယံ ၁၀ နိုင်ငံ၏ ရေ ၁၆ ရာခိုင်နှုန်းခန့်နှင့် အာရှတိုက်တစ်တိုက်လုံး၏ ရေ ၁၂ ရာခိုင်နှုန်းခန့်အထိ ပိုင်ဆိုင်သည့် ရေအရင်းအမြစ်များ ပေါကြွယ်ဝသောနိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ သို့သော် မိုးရွာသွန်းမှု ကွဲပြားခြားနားမှု၊ လူဦးရေတိုးပွားမှု၊ လူနေထူထပ်မှု၊ စက်မှုဇုန်နှင့် စီးပွားရေးဇုန်များ တိုးတက်များပြားလာမှု စသည့်လူနေမှုစနစ်များ ပြောင်းလဲလာမှုတို့ကြောင့် ရေလိုအပ်မှုသည် လျင်မြန်စွာပိုမိုများပြားလာပြီး လူတိုင်းအတွက် ရေဖူလုံစွာ ရရှိနိုင်ရေးတွင် အခက်အခဲများ ဖြစ်ပေါ်နေပါကြောင်း၊ အခြေခံလိုအပ်ချက်များဖြစ်သည့် ဘေးကင်းသော သောက်သုံးရေရရှိနိုင်မှု၊ မိလ္လာနှင့် ရေဆိုးစွန့်ပစ်မှုစနစ်အတွက် ရေလိုအပ်မှုများသည်လည်း နေရာအများစုတွင် ပြဿနာရပ်တစ်ခုအဖြစ် ရှိနေဆဲဖြစ်ပါကြောင်း၊ စနစ်တကျသန့်စင်ခြင်းမရှိဘဲ မြစ်ချောင်းများအတွင်းသို့ စွန့်ထုတ်လိုက်သည့် ရေဆိုးများနှင့် ဓာတုပစ္စည်းများကြောင့်လည်း ရေထုညစ်ညမ်းမှုပြဿနာ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ အဆိုပါအခက်အခဲများကို ဖြေရှင်းရန်နှင့် ရေကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲရေးကို စနစ်တကျဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

ရေအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် ရေတို၊ ရေလတ်နှင့် ရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်ကြရမည်ဖြစ်ပြီး အစီအမံများချမှတ်ဆောင်ရွက်ရာတွင်လည်း အားလုံးပါဝင်ဆောင်ရွက်ကြမှသာ လုပ်သာကိုင်သာရှိသည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်မည်ဖြစ်ပါကြောင်း၊ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုအတွက် အားလုံးပူးပေါင်းပါဝင်၍ အတူတကွ ရေရှည်ဆောင်ရွက်သွားမှသာ အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာ လွှမ်းခြုံသည့် ရေအရင်းအမြစ်များကို ထိထိရောက်ရောက် အကျိုးရှိရှိ စီမံဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ၂၀၁၃ ခုနှစ်တွင် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ဝန်ကြီးဌာနများ ပြင်ဆင်ဖွဲ့စည်းမှုနှင့်အတူ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ပြန်လည်ဖွဲ့စည်းပြီး ရေနှင့်ဆက်နွယ်သည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ရေအရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲရေးနှင့် အကျိုးရှိစွာ အသုံးချနိုင်ရေး၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ထိရောက် အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်ရန် အထောက်အကူပြုရေး၊ ရေအရင်းအမြစ်ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

**ဒေသတွင်း ပူးပေါင်းဆောင်ရွက်လျက်ရှိ**

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၊ ရေနှင့်ဆက်နွယ်သည့် ဝန်ကြီးဌာနအဖွဲ့အစည်းများအနေဖြင့်လည်း ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ်ဆွေနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လေ့လာမှုများနှင့် စီမံကိန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအနေဖြင့်လည်း ASEAN ပူးပေါင်းဆောင်ရွက်မှု၊ Mekong River Commission, Lancang-Mekong Cooperation စသည့် ပူးပေါင်းဆောင်ရွက်မှုများတွင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရေနှင့်ဆက်နွယ်သည့် ဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးကော်မတီများအနေဖြင့်လည်း ရေပိုမိုသိုလှောင်နိုင်ရေးအတွက် အခြေခံအဆောက်အဦးများ ပိုမိုတည်ဆောက်ခြင်း၊ ရေပြန်းတီးလေလွင့်မှု လျော့ပါးစေရေးလုပ်ငန်းစဉ်များနှင့် ရေချွေတာရေးဆိုင်ရာ လှုပ်ရှားမှုများကို ရန်ပုံငွေရရှိမှုအပေါ် မူတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ ရေနှင့်ဆက်နွယ်သည့် သဘာဝဘေးအန္တရာယ်များ လျော့ပါးသက်သာစေရေး အစီအမံများဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများကို သက်ဆိုင်ရာ ဝန်ကြီးဌာနအဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်းများတိုက်ခတ်မှု၊ ရေကြီးရေလျှံမှု၊ ပင်လယ်လှိုင်းများ ဖြစ်ပေါ်မှုတို့ကို စောင့်ကြည့်၍ အချိန်နှင့်တစ်ပြေးညီ ကြိုတင်သတိပေးချက်များထုတ်ပြန်ခြင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပျက်စီးဆုံးရှုံးမှု လျော့နည်းသက်သာစေရေးအတွက် သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာစေမည့် အခြေခံအဆောက်အဦးများ တည်ဆောက်ပြုပြင်ခြင်း၊ ဆက်နွယ်သက်ဆိုင်သူများအတွက် ပညာပေးလုပ်ငန်းများနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

**ရှားပါးသည့် အရင်းအမြစ်ဖြစ်**

ရေကဏ္ဍဘက်စုံစီမံခန့်ခွဲမှုအောင်မြင်ရေး ဆောင်ရွက်ရာတွင် ဘက်စုံအလွှာစုံ တက်ကြွစွာ ပါဝင်လှုပ်ရှားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ရေပေးဝေမှုနှင့် မိလ္လာစနစ်၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှု၊ ရေသွင်းစိုက်ပျိုးမှု၊ ရေအားလျှပ်စစ်၊ သဘာဝအခြေပြုခရီးသွားလာမှု၊ သယ်ယူပို့ဆောင်မှုစသည့် ကဏ္ဍမျိုးစုံတိုးတက်မှုရှိလာစေရန် အစိုးရနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အဆိုပါကဏ္ဍများ၏အခြေခံလိုအပ်ချက်သည် ရေဖြစ်ကြောင်းနှင့် ရေသည်ရှားပါးသည့် အရင်းအမြစ်ဖြစ်ကြောင်း သိနားလည်ပြီး ရေအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်းနှင့် အသိအမြင်ရှိစေရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ရေအသုံးပြုသူများအကြား ရေရှည်တည်တံ့သည့် ရေအသုံးချနိုင်မှုနှင့်ပတ်သက်သည့် အသိပညာ၊ ဗဟုသုတ၊ နည်းပညာ၊ ပူးပေါင်းဆောင်ရွက်မှု၊ ဆွေးနွေးတိုင်ပင်မှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**အားလုံးဝိုင်းဝန်းပူးပေါင်းပါဝင်**

ရေကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်မှုသည် အရေးပါသည့်အတွက် ၂၀၁၈ ခုနှစ်မှ ၂၀၂၈ ခုနှစ်အထိ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ရေကဏ္ဍဆိုင်ရာဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ ဆယ်စုနှစ်ဟူ၍ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံမှ သတ်မှတ်ထားပါကြောင်း။

ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဦးဆောင်၍ ရေနှင့်ဆက်နွယ်သည့် ဝန်ကြီးဌာနအဖွဲ့အစည်းများက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပူးပေါင်းဆောင်ရွက်နေသည့် မိတ်ဆွေနိုင်ငံများ၊ အစိုးရမဟုတ်သည့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများအနေဖြင့် ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် အလေးထားပြောကြားလိုပါကြောင်း၊ ရေဆိုင်ရာလုပ်ငန်းများသည် နိုင်ငံအတွက်သာမက နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုများအတွက် မဖြစ်မနေလုပ်ဆောင်ကြရမည့် လုပ်ငန်းများဖြစ်သည့်အတွက် မှန်ကန်သောအကျိုးရလဒ်များရရှိစေရန် ကမ္ဘာ့ကုလသမဂ္ဂက ချမှတ်ထားသည့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ (Sustainable Development Goals)ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားလုံးဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

**စာမျက်နှာ ၉ သို့ »»**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် IPU ၏ နည်းပညာပူးပေါင်းဆောင်ရွက်မှု အစီအစဉ်မန်နေဂျာအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် Inter- Parliamentary Union(IPU)၏ နည်းပညာပူးပေါင်း ဆောင်ရွက်မှု အစီအစဉ်မန်နေဂျာ Ms.Norah Babic အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။(ဓာတ်ပုံ)

ထိုသို့တွေ့ဆုံစဉ် IPU အနေဖြင့် လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များတွင် အထောက်အကူပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ IPU မှ ကြီးမှူးကျင်းပသည့် အစည်းအဝေးများတွင် ပါဝင်တက်ရောက်ခြင်းဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်ရေးရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ရောဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့၏ အသက်နှစ်နှစ်အောက် ကလေးငယ်များအား ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ် တင်ပြဆွေးနွေးခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၆**

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နိုင်ငံတော်၏ဘတ်ဂျက်နှင့် ကမ္ဘာ့ဘဏ်၏ အတိုးနှုန်းနည်းပါးသောချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေး အထောက်အပံ့ပေးရေး အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များ တင်ပြဆွေးနွေးခြင်းအခမ်းအနားကို နေပြည်တော် လွှတ်တော်ဝင်းရှိ သဘင်ဆောင်၌ ကျင်းပသည်။





**ရှုထောင့်မျိုးစုံမှ အမြင်များအပေါ် အခြေခံ**

အခမ်းအနားတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းထွန်းဟိန်က ယနေ့အခမ်းအနားသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ယူပြီး နိုင်ငံတော်၏ ဘတ်ဂျက်နှင့် ကမ္ဘာ့ဘဏ်၏ အတိုးနှုန်းသက်သာသည့်ချေးငွေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၌ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့သည့်အစီအစဉ်နှင့် ပတ်သက်၍ လွှတ်တော်နှစ်ရပ်စလုံးရှိ ကိုယ်စားလှယ်များကို ရှင်းလင်းတင်ပြသွားမည့် အစီအစဉ်ဖြစ်ကြောင်း။

နိုင်ငံတော်၏ အနာဂတ်ဖြစ်သည့် ကလေးသူငယ်များအတွက် အကျိုးရှိသော လုပ်ငန်းအစီအစဉ်ကို မစတင်မီကာလကတည်းက စနစ်တကျ ကြိုတင်ပြင်ဆင်ကာ အားလုံးဝိုင်းဝန်း စုပေါင်းအကြံဉာဏ်ဖြင့် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်ကြောင်း၊ ယခုစီမံကိန်းကို လွှတ်တော်ကိုယ်စားလှယ်များ၏ ရှုထောင့်မျိုးစုံမှ အမြင်များအပေါ် အခြေခံ၍ အပြုသဘောဆောင်သော အကြံပြုချက်များပေးခြင်းဖြင့် အလေအလွင့်၊ အပျက်အစီး၊ အမှားအယွင်းမရှိ ရည်မှန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**မဟာဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိ**

ယခုစီမံကိန်းသည် နိုင်ငံတော်အစိုးရက မြန်မာ့လူမှုအသိုက်အဝန်းအတွက် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ဆိုသည့် ရည်မှန်းချက်နှင့်အတူ မဟာဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလက အတည်ပြုခဲ့သော အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်ကို အခြေခံသည်ဟု သိရှိရကြောင်း၊ ယင်းမဟာဗျူဟာစီမံချက်ပါလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့သည့် အစီအစဉ်သည်လည်း တစ်ခုအပါအဝင် ဖြစ်ပါကြောင်း။

အစီအစဉ်အကောင်အထည်ဖော်ရာတွင် အရေးကြီးသည့် အချက်တစ်ခုမှာ ပေါင်းစပ်ညှိနှိုင်းခြင်းဖြစ်ကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်သည့် အဆင့်အသီးသီးတွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရဌာနများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း။

**ပူးပေါင်းပါဝင်ပေးကြရန် တိုက်တွန်း**

လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့မှုရှိပြီး ပြည်သူများ၏ ပကတိအခြေအနေ၊ လိုအပ်ချက်နှင့် မျှော်မှန်းချက်များကို သိရှိနိုင်ပြီး အစီအစဉ်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အကြံပြုနိုင်သည့်အတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ ထို့ပြင် အစီအစဉ်အကောင်အထည်ဖော်မှုများကို စောင့်ကြည့်ကြီးကြပ်သည့်အပိုင်းတွင် အကူအညီပေးနိုင်မည်ဖြစ်သည့်အတွက် ပူးပေါင်းပါဝင်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဝန်ကြီးဌာန၏ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို မဟာဗျူဟာစီမံချက်များနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း စသည်တို့နှင့် ကိုက်ညီသော ဦးစားပေးစီမံကိန်းများကိုရွေးချယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထိုအချက်နှစ်ချက်နှင့် ကိုက်ညီမှသာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဘတ်ဂျက်ရန်ပုံငွေ ချထားပေးခြင်းဖြစ်ကြောင်း၊ ပြဋ္ဌာန်းထားပြီးဖြစ်သည့် လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းစီမံချက်ရှစ်ခုအနက် ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များအနက် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့သည့်အစီအစဉ်ကို ခန္ဓာကိုယ်ပုံမှန်ကြီးထွားခြင်းနှင့် ဦးနှောက်ဖွံ့ဖြိုးမှုအမြင့်ဆုံးဖြစ်သည့် ရက် ၁၀၀၀ ကာလအတွင်း လွှမ်းခြုံမှုရှိရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုယ်ဝန်ဆောင်အာဟာရ၊ မီးနေသည်အာဟာရ၊ နို့တိုက်မိခင်အာဟာရ၊ ကလေးသူငယ်အာဟာရ စသည့် အာဟာရကျွေးမွေးခြင်းနှင့်သက်ဆိုင်သော အသိပညာ၊ တစ်ကိုယ်ရေသန့်ရှင်းရေးအသိပညာနှင့် မိသားစုစီမံကိန်းနှင့်သက်ဆိုင်သော အသိပညာပေးခြင်းနှင့်အတူ ငွေကြေးထောက်ပံ့ခြင်းကို ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

**အကြံပြုဆွေးနွေးတင်ပြ**

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက ကမ္ဘာ့ဘဏ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့မှု အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ လွှတ်တော်ကိုယ်စားလှယ်များက အကောင်အထည်ဖော်မည့်အစီအစဉ် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ငွေကြေးထောက်ပံ့ရေး၊ အသိပညာပေးရေး၊ ပေါင်းစပ်ညှိနှိုင်းရေးဆိုင်ရာများနှင့် အစီအစဉ် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍများကို အကြံပြုဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

»»» စာမျက်နှာ ၈ မှ

ထို့နောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ကမ္ဘာ့ရေနေ့(၂၀၁၉)အထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ဦးဆောင်၍ အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် Water Mothers Organization နာယက ဒေါက်တာရွှေလွှမ်းက ကမ္ဘာ့ရေနေ့(၂၀၁၉) အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် "မည်သူ့ကိုမျှ နောက်ချန်မထားရေး" "Leaving No One Behind"နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ပါမောက္ခ ဒေါက်တာခင်နီနီသိန်း ဦးဆောင်၍ ဒေါက်တာရွှေလွှမ်း၊ ဦးထွန်းလွင်ဦး၊ ဦးလှမောင်သိန်းနှင့် ဒေါ်သင်းနွယ်စိုးတို့ ပါဝင်ဆွေးနွေးကြသည်။

ယင်းနောက် ရေနှင့်စပ်လျဉ်း၍ ဘာသာရပ်ဆိုင်ရာ အခန်းကဏ္ဍများအလိုက် သီးခြားစီဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ၂၀၁၉ ခုနှစ် အာဆီယံစွမ်းအင်ဆိုင်ရာ ဆုတံဆိပ်များပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များဖိတ်ခေါ်

**နေပြည်တော် မတ် ၆**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် အာဆီယံစွမ်းအင်ဆိုင်ရာဗဟိုဌာန (ACE)တို့ကကြီးမှူး၍ ၂၀၁၉ ခုနှစ် စွမ်းအင်ထိရောက်စွာ အသုံးပြုသော အဆောက်အအုံများ(Energy Efficient Building) ပြိုင်ပွဲ၊ ပြန်ပြည့်မြဲစွမ်းအင်စီမံကိန်းများ(Renewable Energy Project)ပြိုင်ပွဲ၊ အဆောက်အအုံနှင့် စက်ရုံများ၏ အကောင်းဆုံးစီမံခန့်ခွဲမှုစနစ်(Energy Management)ပြိုင်ပွဲ၊ ကျောက်မီးသွေးအသုံးပြုသည့် စီမံကိန်းများ(Coal Awards)ပြိုင်ပွဲများကို ကျင်းပမည်ဖြစ်ပြီး နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများမှ ပါဝင်ယှဉ်ပြိုင်နိုင်ကြကြောင်း သိရသည်။

၂၀၁၉ ခုနှစ်ပြိုင်ပွဲအတွက် ပါဝင်ယှဉ်ပြိုင်လိုသူများသည် ရွေးချယ်စိစစ်ရေးအမျိုးသားကော်မတီ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း လှိုင်တက္ကသိုလ်ဝင်း လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁-၅၁၉၆၇၃-၇၆ နှင့် ၅၇၉၀၃၈၊ ဖက်စ်-၉၅-၁၅၁၉၆၈၁ နှင့် ၆၆၅၁၉၃ သို့ မိမိတို့ အဆောက်အအုံ/လုပ်ငန်းစီမံကိန်း/စက်ရုံ/ရုံးဌာနတို့၏ အမည်၊ တည်နေရာ၊ လုပ်ငန်းသဘာဝ၊ ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ၎င်း၏လိပ်စာ၊ ဖုန်းနံပါတ်၊ ဖက်စ်နံပါတ်များဖော်ပြပြီး မတ် ၂၂ ရက်နောက်ဆုံးထား၍ ပါဝင်ယှဉ်ပြိုင်လိုကြောင်း အကြောင်းကြားစာရင်းပေးသွင်းကြရန်နှင့် အသေးစိတ်သိရှိလိုပါက ဦးအောင်သက်ပိုင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဖုန်း- ၀၉-၄၄၄၈၉၉၆၉၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# (၁၆)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး တက်ရောက်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့်အဖွဲ့ ထိုင်းနိုင်ငံသို့ရောက်ရှိ



**နေပြည်တော် မတ် ၆**
ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၁၆)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး(16th ACDFM) တက်ရောက်ရန်နှင့် ချစ်ကြည်ရေးခရီးသွားရောက်ရန်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှထွက်ခွာရာ ထိုင်းနိုင်ငံ ပတ္တရားမြို့ရှိ U-tapao လေဆိပ်သို့ရောက်ရှိကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ponpipat Benyasri နှင့် Royal Cliff Hotel ဧည့်ခန်းမ၌တွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ကိစ္စရပ်များနှင့် အာဆီယံအဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်နေမှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးစွာ ဆွေးနွေးကြသည်။**(ဝဲပုံ)**

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့်အဖွဲ့အား ပတ္တရားမြို့ရှိ Royal Cliff Hotel၊ Sunset Terrace ၌ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ponpipat Benyasri က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၆**
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Martin Tlapa နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၆**
အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Martin Tlapa အား ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် နှစ်ဖက်အကျိုးတူကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။ ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် နှစ်ဖက်အဆင်ပြေမည့် အချိန်တွင် ချက်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် လာရောက်ရန် ချက်ဝန်ကြီးချုပ်၏ ဖိတ်ကြားစာကို ဒုတိယဝန်ကြီးက ပေးအပ်ခဲ့ပြီး မြန်မာဘက်မှလည်း နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်ရန်အတွက် ချက်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးကို ပရာ့ဂ်မြို့တွင် ဖွင့်လှစ်သွားရန် စီစဉ်ဆောင်ရွက်မှု အခြေအနေကိုလည်း အသိပေးပြောကြားသည်။



တွေ့ဆုံပွဲအပြီးတွင် မြန်မာ-ချက် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Martin Tlapa တို့က လက်မှတ်ရေးထိုးသည်။**(ဝဲပုံ)**

**အမြင်ချင်းဖလှယ်**

အဆိုပါ နားလည်မှုစာချွန်လွှာအရ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအပြင် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ သိပ္ပံနှင့် နည်းပညာ၊ ယဉ်ကျေးမှု၊ အားကစား၊ ပညာရေးနှင့် ကမ္ဘာလှည့်ခရီးသွားစသည့် ကဏ္ဍရပ်များတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို နှစ်စဉ် အမြင်ချင်းဖလှယ် ဆွေးနွေးသွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သောအဖွဲ့အား နေပြည်တော်ရှိ ပတ်ခ်ရွိုင်ရယ် ဟိုတယ်၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

ဒေါက်တာဦးကျော်ကျော်စိုး + ဆရာမကြီးဒေါ်ယဉ်စိမ်း ၁၉၉၆ တွင်တည်ထောင်သည်။



၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ။
ကျား / မဘော်ဒါဆောင် သီးသန့်စီစဉ်ထားရှိသည်။

ZWARE FAMILY EDUCATION CENTRE
ဇွဲပညာ့ဗိမာန်
Since 1996

ဦးဇေဖြိုး M.Sc(Chem:)
ဇွဲ ပညာ့ဗိမာန်
ရ၊ဂ၊၉၊၁၀ တန်း
စခန်းသွင်းဘော်ဒါ နှင့် အဆင့်မြင့်စာသင်ဝိုင်းများ
(၄၉၈/၄၉၉)၊ ဓမ္မာရုံလမ်းမကြီး၊ ၆ မိုင်ခွဲ၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်။

၂၂.၁၂.၂၀၁၈ နေ့တွင်ကျင်းပသော ဆုပေးပွဲ၌ ၆ ဘာသာဂုဏ်ထူးရှင်(၆)ဦး၊ ၅ ဘာသာဂုဏ်ထူးရှင်(၂)ဦး၊ ၄ ဘာသာဂုဏ်ထူးရှင်(၆)ဦး၊ ၃ ဘာသာဂုဏ်ထူးရှင်(၆)ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် (၁၄)ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင်(၂၁)ဦးတို့ကို ဂုဏ်ယူစွာ ချီးမြှင့်ခဲ့ပါသည်။
- အမှတ်ပေါင်း ၅၃၀ နှင့်အထက် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ နှစ်စဉ်ပေါ်ထွန်းရာ ဇွဲပညာ့ဗိမာန်ပါ။
- လူဦးရေနှင့် အရည်အသွေးများ ထိန်းသိမ်းထားခြင်းကြောင့် ဝိုင်း၊ ဘော်ဒါအတွက် ကြိုတင်အပ်နှံမှသာ နေရာစိတ်ချရပါမည်။

DAY- မတ်လဆန်းဖွင့်မည်။ ဘော်ဒါ – မတ်လ (၂၁) ရက်နေ့ဖွင့်မည်။
Ph: 09-50 777 57, 09-514 3973



## ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအမျိုးသမီးရေးရာအဖွဲ့ ဌာနေကိုယ်စားလှယ် ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မတ် ၆**

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအမျိုးသမီးရေးရာအဖွဲ့ (UN Women) ဌာနေကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းခံရသူ Mr. Nicolas Burniat အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် Mr. Nicolas Burniat က ၎င်း၏ ခန့်အပ်လွှာကို ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်ပြီး မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအမျိုးသမီးရေးရာအဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံအစိုးရမှ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများတွင် ကုလသမဂ္ဂအမျိုးသမီးရေးရာအဖွဲ့မှ ကူညီပံ့ပိုးပေးနိုင်မည့် အလားအလာနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ယာဉ်သွားလာမှုနည်းပါးသော ကျေးလက်လမ်းများအတွက် ဒီဇိုင်းလက်စွဲစာအုပ်ထုတ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၆**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ReCAP အဖွဲ့တို့ ပူးပေါင်း၍ ယာဉ်သွားလာမှု နည်းပါးသော ကျေးလက်လမ်းများအတွက် ဒီဇိုင်းလက်စွဲစာအုပ် ထုတ်လုပ်နိုင်ရေး (Development of a Design Manual for Low Volume Rural Roads) အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။



အဆိုပါဆွေးနွေးပွဲကို ကျေးလက်လမ်း သုတေသနလုပ်ငန်းများ၊ ကျေးလက်လမ်း သယ်ယူပို့ဆောင်ရေး သုတေသနလုပ်ငန်းများ၊ စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများနှင့် အသိပညာ ဖြန့်ဝေခြင်းလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ပြည်တွင်း၊ ပြည်ပ ကျွမ်းကျင်သူများ၊ တိုးတက်ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ဖော်ကိုင်ဖက်များ၊ ပြည်သူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးခြင်းနှင့် ဆင်းရဲမှုလျှော့ချခြင်း ဆောင်ရွက်မှုတွင် ကြိုးပမ်းအားထုတ်မှုများ တစ်ဟုန်ထိုးတိုးမြှင့်ရန် ဝန်ကြီးဌာနအနေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးအတွက် အဓိကနေရာမှ ဆောင်ရွက်လျက်ရှိကြောင်း။

ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနသည် ကျေးလက်ဧရိယာများ ဖွံ့ဖြိုးတိုးတက်ရန် ကျေးလက်လမ်းများနှင့် တံတားများကို ဆောက်လုပ်နေပါကြောင်း၊ ကျေးလက်နေ ပြည်သူများအတွက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဖြစ်ထွန်းမှု အပါအဝင် နိုင်ငံ့ရည်မှန်းချက်ရရှိရန် ဆောင်ရွက်ခြင်းနှင့် ကျေးလက်လမ်းများအတွက် နိုင်ငံ့အထူးဗျူဟာများကို တိုးတက်အောင် ဆောင်ရွက်နေပါကြောင်း၊ ကျေးလက်လမ်းများနှင့် တံတားများအတွက် နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများ ပိုမိုလိုအပ်၍ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကျေးလက်အခြေခံအဆောက်အဦးများအတွက် ရာသီဥတုဒဏ်ခံနိုင်ရန် ဆောက်လုပ်မည့် ဒီဇိုင်းများ ရရှိရန် အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

ကျေးလက်လမ်းများနှင့် တံတားများ ဒီဇိုင်းအခြေခံ သတ်မှတ်စံနှုန်း ပြန်လည်စိစစ်မှုအတွက် ပထမ ငါးနှစ်တာ အစီအစဉ်ကို ပြင်ဆင်ပြီးဖြစ်ကာ ဆက်လက်၍ **"မြန်မာနိုင်ငံရှိ ယာဉ်သွားလာမှုနည်းပါးသော ကျေးလက်လမ်းများအတွက် ဒီဇိုင်းလက်စွဲစာအုပ်"**ကို ပြင်ဆင်ပြီး ဤအလုပ်ရုံဆွေးနွေးပွဲ၏ ရလဒ်သည် မကြာခင်၌ စံနှုန်းစံညွှန်းများ ထုတ်လုပ်ရန် အထောက်အပံ့ပြုမည်ဖြစ်ကြောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးအတွက် ဗဟုသုတနှင့် အတွေ့အကြုံများကို ဖလှယ်ပေးရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် Development of a Design Manual for Low Volume Rural Roads in Myanmar မှ Team Leader, Mr. Carl Berentsen က နှုတ်ခွန်းဆက်စကားပြောကြားပြီး စာတမ်းရှင်များက သက်ဆိုင်ရာခေါင်းစဉ်အလိုက် စာတမ်းများကို ဖတ်ကြားရာ ပညာရှင်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းတို့မှ တာဝန်ရှိသူများက သိလိုသည်များကို မေးမြန်းအကြံပြုဆွေးနွေးကြသည်။

**သတင်းစဉ်**

## Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ သုံးမိနစ်မှ ၁၅ မိနစ်ခန့်အထိ ပြတ်တောက်မည့် အခြေအနေ အသိပေးခြင်း

**နေပြည်တော် မတ် ၆**

နေ၊ ဂြိုဟ်တုနှင့် TVRO(စလောင်း)တို့ တစ်တန်းတည်းကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်ကြောင်း၊ ယင်းသို့ Sun Outage ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှ ပေးပို့ထုတ်လွှင့်နေသော အရုပ်/အသံ အချက်အလက်များ ခေတ္တယာယီ ပြတ်တောက်မှုများဖြစ်ပေါ်လေ့ရှိကြောင်း၊ Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ် မတ်လတွင် တစ်ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် တစ်ကြိမ် ကြုံတွေ့ရလေ့ရှိကြောင်း၊ ၎င်းဖြစ်စဉ်သည် ထုတ်လွှင့်သည့် ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း) အရွယ်အစားနှင့် တည်နေရာတို့အပေါ် မူတည်၍ Sun Outage ဖြစ်သောအချိန်နှင့် Signal ပြတ်တောက်မှုကြာချိန်တို့ ကွာခြားမှုရှိကြောင်း၊ Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် မတ် ၆ ရက်မှ ၁၇ ရက်အထိ နေ့စဉ် သုံးမိနစ်မှ ၁၅ မိနစ်ခန့်အထိ Sun Outage ဖြစ်စဉ်ကြောင့် Signal ပြတ်တောက်မှုဖြစ်ပေါ်နိုင်ကြောင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ သတင်းရရှိသည်။

**သတင်းစဉ်**

**တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ချေးငွေ JICA, Two Step Loan ထုတ်ချေးထားမှုအခြေအနေ (၂၁-၇-၂၀၁၇) မှ (၃၁-၁-၂၀၁၉) ရက်နေ့အထိ**

(ကျပ်သန်းပေါင်း)




တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ချေးငွေ JICA, Two Step Loan ထုတ်ချေးထားမှု စုစုပေါင်း ၆၆၄၁၃.၀၅၇ ကျပ်သန်း ဖြစ်ပါသည်။
ဇာစ်မြစ် : မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

PUN HLAING SILOAM HOSPITALS

"နိုင်ငံခြားသို့သွားရောက်ကုသရန်မလိုတော့ပါ"

စင်ကာပူနိုင်ငံမှဆရာဝန်ကြီးလာရောက်ကုသပေးမည့်အစီအစဉ်

နှလုံးသွေးကြောကျဉ်းရောဂါရှာဖွေကုသခြင်းပေါင်းများစွာတို့ကိုအောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့သော နိုင်ငံတကာအတွေ့ အကြုံရှိ မြန်မာနိုင်ငံမှနှလုံးအထူးကုဆရာဝန်ကြီးများနှင့် စင်ကာပူနိုင်ငံမှဆရာဝန်ကြီးတို့ပူးပေါင်း၍ ကုသပေးနေပါပြီ....

- နှလုံးသွေးကြောပုံရိပ်ဖော်ခြင်း
- နှလုံးသွေးကြောထောက်ကိရိယာ (Stent) ထည့်သွင်းကုသခြင်း

မတ်လ (၁၅) ရက်နေ့မှ (၁၇) ရက်နေ့အထိ



ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၃၆၈၄၃၂၃၊ ၃၆၈၄၃၂၅၊ ၃၆၈၄၃၃၆၊ (၀၉) ၄၂၁၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁

facebook Pun Hlaing Siloam Hospitals

# အဓိကဂြိုဟ်တုလွှတ်တင်ရေးစခန်းတစ်ခုအား ပြုံယမ်း ပြန်လည်တည်ဆောက်နေဟုဆို

**ဝါရှင်တန် မတ် ၆**

ဗီယက်နမ်နိုင်ငံ မြို့တော်ဟနွိုင်းတွင် ကျင်းပခဲ့သည့် အမေရိကန်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးအစည်းအဝေး ပြီးဆုံးခဲ့ပြီးနောက် မြောက်ကိုရီးယားနိုင်ငံက ၎င်း၏တာဝေးပစ်ဒုံးကျည်များ လွှတ်တင်သည့် စခန်းတစ်ခုတွင် လှုပ်ရှားလုပ်ဆောင်နေမှုများကို ထောက်လှမ်းတွေ့ရှိရပြီး ၎င်းမှာ အဆိုပါဒုံးကျည်လွှတ်တင်ရေးစခန်းကို အလျင်အမြန် ပြန်လည်တည်ဆောက်ခြင်းဖြစ်ဖွယ်ရှိသည်ဟု မြောက်ကိုရီးယားအရေး ခွဲခြမ်းစိတ်ဖြာလေ့လာသူများက ဂြိုဟ်တုမှ ရိုက်ယူထားသည့် ဓာတ်ပုံများကို ရည်ညွှန်းပြောကြားသည်။

လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်းက မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့ တွေ့ဆုံဆွေးနွေးမှုသည် မပြေမပြစ်နှင့် အဆုံးသတ်ခဲ့ရသည်။ နှစ်ဖက်သဘောတူညီမှုများ မရရှိခဲ့သောကြောင့် မြောက်ကိုရီးယားအနေဖြင့် ၎င်းအပေါ် ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှုများအား အလဲအလှယ်ပြုလုပ်ရန်အတွက် အဏုမြူလက်နက် အစီအစဉ်များသို့ နောက်ကြောင်းပြန်သွားဖွယ်ရှိသည်။

အမေရိကန်သမ္မတနှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့၏ ထိပ်သီးအစည်းအဝေးအပြီး နှစ်ရက်အကြာတွင် မြောက်ကိုရီးယားနိုင်ငံ၏ တာဝေးပစ်ဒုံးကျည်စခန်း၌ ဖြစ်ပွားသည့် လုပ်ဆောင်မှုများကို မှတ်တမ်းတင်ခဲ့ခြင်းဖြစ်ပြီး ယင်းမှာ အမေရိကန်ပြည်ထောင်စု၏ ပယ်ချမှုများကို ရင်ဆိုင်ဖြေရှင်းရေးအတွက် သက်သေပြချက်ဖြစ်ကြောင်း၊ မြောက်ကိုရီးယားနိုင်ငံက ၎င်းအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုများကို ဖြေလျှော့ပေးရန် တောင်းဆိုခဲ့ကြောင်း ဝါရှင်တန်အခြေစိုက် မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန (စီအက်စ်အိုင်အက်စ်) မှ လေ့လာသူများက ပြောကြားသည်။

**အေအက်ဖ်ပီ**



# ကက်ရှ်မီးယားဒေသထိန်းချုပ်ရေးမျဉ်းတစ်လျှောက်၌ အိန္ဒိယနှင့် ပါကစ္စတန်တပ်ဖွဲ့များ အပြန်အလှန်ပစ်ခတ်



**ဆရီနာဂါ မတ် ၆**

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့က ခွဲခြားထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသရှိ ထိန်းချုပ်ရေးမျဉ်း(အယ်လ်အိုစီ)အား ဖြတ်ကျော်၍ နှစ်နိုင်ငံတပ်ဖွဲ့စခန်းများအား ပစ်မှတ်ထားကာ အိန္ဒိယနှင့် ပါကစ္စတန်တပ်ဖွဲ့များက ပြင်းထန်သည့်အပြန်အလှန်ပစ်ခတ်မှုများ မတ် ၅ ရက်တွင် ဖြစ်ပွားခဲ့ကြောင်း အိန္ဒိယတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အိန္ဒိယက ထိန်းချုပ်သည့် ကက်ရှ်မီးယားဒေသမြို့တော် ဆရီနာဂါ၏ အရှေ့တောင်ဘက် ကီလိုမီတာ ၁၈၀ အကွာရှိ ပွန့်ချ်ဒေသတွင် အိန္ဒိယနှင့် ပါကစ္စတန်တပ်ဖွဲ့များအကြား အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည်။

ယင်းပစ်ခတ်မှုများကြောင့် အိန္ဒိယနှင့် ပါကစ္စတန်ဘက်ခြမ်းတို့တွင် သေဆုံးမှုများဖြစ်ပေါ်သည့်သတင်းများ ထွက်ပေါ်ခြင်းမရှိကြောင်း အိန္ဒိယတာဝန်ရှိသူက ပြောကြားသည်။

မတ် ၅ ရက် အစောပိုင်းတွင်လည်း ရာ့ချ်အိုယူရီဒေသနှင့် ဘေးချင်းကပ်လျက်တည်ရှိနေသည့် နောင်ရှီရာဒေသ၌ အလားတူ အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည်။

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက ကက်ရှ်မီးယားဒေသအား ခွဲခြားထားသည့် ထိန်းချုပ်ရေးမျဉ်း(အယ်လ်အိုစီ)တစ်လျှောက်တွင် အိန္ဒိယနှင့် ပါကစ္စတန် နှစ်ဖက်တပ်ဖွဲ့ဝင်များ၏ အပြန်အလှန်ပစ်ခတ်မှုများကြောင့် ထိခိုက်သေကျေမှုများ နှစ်ဖက်စလုံးတွင် ဖြစ်ပေါ်ခဲ့သည်။

အိန္ဒိယနိုင်ငံက ပါကစ္စတန်နိုင်ငံအတွင်းရှိ အကြမ်းဖက်အဖွဲ့၏ စခန်းတစ်ခုအား လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ပြီးနောက်တွင် ယင်းနှစ်နိုင်ငံအကြား နောက်ဆုံးအကြိမ် တင်းမာမှုများဖြစ်ပေါ်ခဲ့သည်။ ယင်းနှစ်နိုင်ငံအကြား ဖြစ်ပေါ်သည့်တင်းမာမှုများကို ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ကြရန် နိုင်ငံတကာအသိုင်းအဝိုင်းက တောင်းဆိုခဲ့ကြသည်။ **ဆင်ဟွာ**

## တောင်ကိုရီးယားသမ္မတဟောင်း လီမြောင်ဘတ်အား အာမခံဖြင့် ပြန်လွှတ်ပေး

**ဆိုးလ် မတ် ၆**

အကျင့်ပျက်ခြစားမှုဆိုင်ရာ စွဲချက်များဖြင့် ပြစ်ဒဏ်စီရင်ခြင်းခံရပြီးနောက် အကျဉ်းထောင်အတွင်း တစ်နှစ်နီးပါးကြာ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူ တောင်ကိုရီးယားသမ္မတဟောင်း လီမြောင်ဘတ်အား အာမခံဖြင့် ပြန်လွှတ်ပေးခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

အာမခံကြေးငွေ အမေရိကန်ဒေါ်လာ ၈ ဒသမ ၉ သိန်း အာမခံငွေအပြစ်ပေးဆောင်ပြီး ၎င်းအား ပြန်လွှတ်ပေးရန် တောင်းဆိုမှုကို တောင်ကိုရီးယား တရားရုံးချုပ်က မတ် ၆ ရက်တွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားသမ္မတဟောင်း လီမြောင်ဘတ်သည် ဆိုးလ်မြို့ရှိ ၎င်း၏နေအိမ်သို့ ပြန်လည်ရောက်ရှိလာပြီး အဆိုပါနေအိမ်တွင် နေထိုင်စဉ်အတွင်း ၎င်း၏ရှေ့နေနှင့် မိသားစုဝင်များအား ၎င်းနှင့်တွေ့ဆုံခွင့်ရှိသည်ဟု သမ္မတဟောင်း လီမြောင်ဘတ်က ပြောဆိုခဲ့သည်။

သမ္မတဟောင်း လီမြောင်ဘတ်အား ယခင်နှစ် အောက်တိုဘာလအတွင်းက လာဘ်ပေးလာဘ်ယူမှုများနှင့် အခွင့်အာဏာအလွဲသုံးစားပြုလုပ်မှုများ အပါအဝင် အခြားသောပြစ်မှုများ ကျူးလွန်ခဲ့သည်ဟု စစ်ဆေးတွေ့ရှိခဲ့သည်။ ၎င်းပြစ်မှုများအတွက် သမ္မတဟောင်း လီမြောင်ဘတ်အား ထောင်ဒဏ် ၁၅ နှစ် ပြစ်ဒဏ်ချမှတ်ခဲ့ပြီး ဒဏ်ငွေ အမေရိကန်ဒေါ်လာ ၁၁ သန်း ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့သည်။

သမ္မတဟောင်း လီမြောင်ဘတ်သည် တောင်ကိုရီးယားနိုင်ငံသမ္မတအဖြစ် ၂၀၀၈ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ငါးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ယိုယွင်းလာနေသည့် ကျန်းမာရေးအခြေအနေကြောင့် ၎င်းအား ပြန်လွှတ်ပေးရန် သမ္မတဟောင်း၏ ရှေ့နေများက တောင်းဆိုခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## မနီလာလေဆိပ်၌ ခရီးဆောင်အိတ်များအတွင်း ပင်လယ်လိပ် ၁၅၀၀ ကျော် တွေ့ရှိ

**မနီလာ မတ် ၆**

ဖိလစ်ပိုင်အကောက်ခွန်အရာရှိများက ဟောင်ကောင်မှ မနီလာသို့ လေကြောင်းခရီးဖြင့် လိုက်ပါလာသည့် ခရီးသည်တစ်ဦး၏ ဝန်စည်စလွယ်အိတ်များအတွင်း ပင်လယ်လိပ်အရှင် ၁၅၀၀ ကျော် တွေ့ရှိခဲ့သည်ဟု ဆိုသည်။

နင်နွိုင်းအကွီနို အပြည်ပြည်ဆိုင်ရာလေဆိပ် ဆိုက်ရောက်ဧရိယာအတွင်း မတ် ၃ ရက်က ပင်လယ်လိပ်များ ရှာဖွေတွေ့ရှိခဲ့သည်ဟု အကောက်ခွန်ဌာနက ကြေညာချက် ထုတ်ပြန်ခဲ့သည်။



ပင်လယ်လိပ်များတွင် မျိုးသုဉ်းမည့် အန္တရာယ်ရှိနေသည့် မျိုးစိတ်များဖြစ်သည့် အိန္ဒိယကြယ်လိပ်ကဲ့သို့သော လိပ်များပါဝင်သည်။ အများစုမှာ လိပ်သားပေါက်များဖြစ်ပြီး ရေစိုခံတိပ်များဖြင့် ထုပ်ပိုး၍ ဖိနပ်များအတွင်းနှင့် အဝတ်အစားများ၏အောက်တွင် သိမ်းဆည်းထားသည်။

အိန္ဒိယကြယ်လိပ်များကို တောင်အာရှတွင် အဓိကတွေ့ရှိရသည်။ ၎င်းတို့အား ရောင်းဝယ်ဖောက်ကားခြင်းကို နိုင်ငံတကာကုန်သွယ်ရေးညီလာခံက တားမြစ်ထားသည်။ အိန္ဒိယကြယ်လိပ်များသည် အရှေ့တောင်အာရှတွင် လူသိများသော အိမ်မွေးတိရစ္ဆာန်များဖြစ်သည်။ ၎င်းတို့ကို တိုင်းရင်းဆေးဖော်စပ်ရာတွင်လည်း အသုံးပြုသည်။

ခရီးဆောင်အိတ်ပိုင်ရှင် ခရီးသည်မှာ ဖိလစ်ပိုင်လူမျိုးတစ်ဦးဖြစ်ပြီး အိတ်ကို လာရောက်ယူဆောင်သည်ကို မတွေ့ရပေ။

တရားမဝင် သယ်ဆောင်လာသည့် ပင်လယ်လိပ်များ၏ စုစုပေါင်းတန်ဖိုးမှာ ဖိလစ်ပိုင်ပီဆို ၄ ဒသမ ၅ သန်း (အမေရိကန်ဒေါ်လာ ၈၆၀၀၀)ခန့် ရှိသည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

# အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော်  မတ် ၆

**၂၀၁၈-၂၀၁၉ ပညာသင်နှစ် အခြေခံပညာအဆင့် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ထုတ်ပြန်လိုက်သည်။**

**အခြေခံပညာဦးစီးဌာန ၂၀၁၉ ခုနှစ် အဋ္ဌမတန်း လူရည်ချွန်စာရင်း**

**(ယမန်နေ့မှအဆက်)**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၀၃ | မောင်ချမ်းငြိမ်း | အထက(ခွဲ)ပုဏ္ဏားကျွန်း | ပုဏ္ဏားကျွန်း | စစ်တွေ |
| ၁၀၄ | မပန်းအိထွန်း | အထက(၉)မင်းဂံ | စစ်တွေ | စစ်တွေ |
| ၁၀၅ | မောင်အောင်မြတ်စိုး | အထက(၁)မြောက်ဦး | မြောက်ဦး | မြောက်ဦး |
| ၁၀၆ | မသွယ်ဖြိုးထက် | အထက(၁)မြောက်ဦး | မြောက်ဦး | မြောက်ဦး |
| ၁၀၇ | မောင်သန့်ဇင်ဖြိုး | အထက(၁) ဘူးသီးတောင် | ဘူးသီးတောင် | မောင်တော |
| ၁၀၈ | မထက်စုမွန် | အထက(ခွဲ)အလက(၂) | ဘူးသီးတောင် | မောင်တော |
| ၁၀၉ | မောင်ထက်မြက် | အထက(ခွဲ)အလက(၂) | ကျောက်ဖြူ | ကျောက်ဖြူ |
| ၁၁၀ | မမဥ္ဇူဖွေး | အထက(ခွဲ)အလက(၂) | ကျောက်ဖြူ | ကျောက်ဖြူ |
| ၁၁၁ | မောင်စိုးကျော်ဖြိုး | အထက(ခွဲ)ဂူတာ | တောင်ကုတ် | သံတွဲ |
| ၁၁၂ | မနှင်းသန့်ဖြူ | အထက(၁)တောင်ကုတ် | တောင်ကုတ် | သံတွဲ |
| ၁၁၃ | မောင်မြတ်မင်းသန့် | အထက-သုဝဏ္ဏ | သဃ်န်းကျွန်း | အရှေ့ပိုင်း |
| ၁၁၄ | မောင်မင်းဟိန်း | အထက(၂) တောင်ဥက္ကလာပ | တောင်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၁၅ | မောင်ထူးမြတ်မောင် | အထက(၃)ဒဂုံမြောက် | ဒဂုံမြောက် | အရှေ့ပိုင်း |
| ၁၁၆ | မခင်ရတနာဦး | အထက(၂) တောင်ဥက္ကလာပ | တောင်ဥက္ကလာပ | အရှေ့ပိုင်း |
| ၁၁၇ | မနန္ဒာကြည်ဖြူလင်း | လေ့ကျင့်ရေး အလယ်တန်းကျောင်း | ရန်ကင်း | အရှေ့ပိုင်း |
| ၁၁၈ | မမေသက်ပန် | အထက(၅)ဗိုလ်တထောင် | ဗိုလ်တထောင် | အရှေ့ပိုင်း |
| ၁၁၉ | မောင်ဉာဏ်လင်းထက် | အလက(၁)ဒဂုံ | ဒဂုံ | အနောက်ပိုင်း |
| ၁၂၀ | မောင်သာလင်းထက် | ကောင်းထက်ကျော်(ကပက) | ဗဟန်း | အနောက်ပိုင်း |
| ၁၂၁ | မခင်နေခြည်သော် | အထက(၂)ဗဟန်း | ဗဟန်း | အနောက်ပိုင်း |
| ၁၂၂ | မဆုလင်းလက်နိုင် | အလက(၁)ဒဂုံ | ဒဂုံ | အနောက်ပိုင်း |
| ၁၂၃ | မောင်စိုးဝင်းနိုင် | အထက(၂)သုံးခွ | သုံးခွ | တောင်ပိုင်း |
| ၁၂၄ | မောင်ဗိုလ်လင်းထွန်း | အလက(ခွဲ)ကွန်ိး | ကျောက်တန်း | တောင်ပိုင်း |
| ၁၂၅ | မရွှေပြည့်လျှံဦး | အထက(၂)သန်လျင် | သန်လျင် | တောင်ပိုင်း |
| ၁၂၆ | မမင်းထက်ရည်သွေး | အထက(၂)ကွမ်းခြံကုန်း | ကွမ်းခြံကုန်း | တောင်ပိုင်း |
| ၁၂၇ | မောင်အောင်ခန့်ဟိန်း | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၂၈ | မောင်ဖွဲ့ညီညာနိုင် | ကောင်းစုစံ(ကပက) | ရွှေပြည်သာ | မြောက်ပိုင်း |
| ၁၂၉ | မသွန်းပိုးရတီ | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မြောက်ပိုင်း |
| ၁၃၀ | မနန်းဇေရီလှိုင် | အထက-ဝါးနက်ချောင်း | မှော်ဘီ | မြောက်ပိုင်း |
| ၁၃၁ | မသိမ့်နှင်းစံ | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၂ | မောင်မြတ်မင်းသန့် | အထက(၄)တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၃၃ | မမေပီတိအောင် | အထက(၅)အောင်ပန်း | ကလော | တောင်ကြီး |
| ၁၃၄ | မောင်ဉာဏ်လင်းကျော် | အထက(၁)ကလော | ကလော | တောင်ကြီး |
| ၁၃၅ | မောင်ဂျော်ဆာဒွေ့ | အထက-မြို့မ | နမ့်စန် | လွိုင်လင် |
| ၁၃၆ | မောင်ထန်ရှန်းဟောင် | အထက(၂)ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၃၇ | မရွှေနွယ်ဝင်း | အထက(၃)လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၃၈ | မကုမုဒြာ | အထက-မိုင်းရှူး | မိုင်းရှူး | လွိုင်လင် |
| ၁၃၉ | မောင်စိုင်းခွန်ဝမ်း | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၀ | မနန်းရွက်ဆိုင်စံ | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၄၁ | မောင်စိုင်းလင်းဘုန်းမြတ် | အထက(ခွဲ)အလက(၈) | လားရှိုး | လားရှိုး |
| ၁၄၂ | မောင်စိုင်းလှရွှေ | အထက-မိုင်းရယ် | မိုင်းရယ် | လားရှိုး |
| ၁၄၃ | မဆောင်းရတီဦး | နေခြည်(ကပက) | လားရှိုး | လားရှိုး |
| ၁၄၄ | မနန်းစိန်ခမ်း | အထက-မိုင်းရယ် | မိုင်းရယ် | လားရှိုး |
| ၁၄၅ | မောင်မဂျီခွန်ဒန်အောင် | ကျော်(ကပက) | မူဆယ် | မူဆယ် |
| ၁၄၆ | မမိုင်းရာ | အထက(၁)မူဆယ် | မူဆယ် | မူဆယ် |
| ၁၄၇ | မောင်ခန့်ယုဆွေ | အထက(၁)ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ |
| ၁၄၈ | မောင်ညီဖြိုးထက် | အထက-နောင်ချို | နောင်ချို | ကျောက်မဲ |
| ၁၄၉ | မမိုးသက်ခင် | အထက(၂)ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ |
| ၁၅၀ | မဒီသိမ့်သိမ့်ထွဋ်စံ | အထက(ခွဲ)အလက(၁) | နမ့်ဆန် | ကျောက်မဲ |
| ၁၅၁ | မောင်စိုင်းညီညီဦး | အထက(၆)ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၂ | မောင်ဇော်ထိပ်ခေါင် | အထက(ခွဲ)မိုင်းပျဉ်း | မိုင်းပျဉ်း | ကျိုင်းတုံ |
| ၁၅၃ | မဖူးပွင့်မြတ်ဇော် | အထက(၆)ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၅၄ | မနန်းတုမ်ခမ်း | အထက(ခွဲ)မိုင်းပျဉ်း | မိုင်းပျဉ်း | ကျိုင်းတုံ |
| ၁၅၅ | မောင်အောင်မြင့်မိုရ် | အထက-တာချီလိတ် | တာချီလိတ် | တာချီလိတ် |
| ၁၅၆ | မဖြိုးသိမ့်သိမ့်သူ | အထက-မိုင်းဖြတ် | မိုင်းဖြတ် | တာချီလိတ် |
| ၁၅၇ | မောင်မိုးမြင့်အောင် | အထက(ခွဲ)အလက(၂) | မိုင်းဆတ် | မိုင်းဆတ် |
| ၁၅၈ | မခိုင်မာမြင့် | အထက-မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၅၉ | မောင်ပြည့်ပြည့်ပိုင် | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၆၀ | မောင်ထက်အောင်လှိုင် | အထက-သာပေါင်း | သာပေါင်း | ပုသိမ် |
| ၁၆၁ | မထက်ရွှေဝင်းသန်း | အထက(၆)ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၆၂ | မဝိုင်းသီရိအောင် | အထက-ရေကြည် | ရေကြည် | ပုသိမ် |
| ၁၆၃ | မောင်ဇေယျာထွန်း | အလက(၃)ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ |
| ၁၆၄ | မောင်ရဲမျိုးထွန်း | အထက-ကြံခင်း | ကြံခင်း | ဟင်္သာတ |
| ၁၆၅ | မမိုးစန္ဒာဌေး | အထက-ချင်းမြောင် | ကြံခင်း | ဟင်္သာတ |
| ၁၆၆ | မရည်ရွှယ်မြတ်နိုး | အထက(၁)မြန်အောင် | မြန်အောင် | ဟင်္သာတ |
| ၁၆၇ | မောင်ခန့်မင်းထက် | အထက(၁)မြောင်းမြ | မြောင်းမြ | မြောင်းမြ |
| ၁၆၈ | မဆုလှဲ့ဝတီ | အထက(၁)မြောင်းမြ | မြောင်းမြ | မြောင်းမြ |
| ၁၆၉ | မောင်ခေတ်စည်သူ | အထက(၁)လပွတ္တာ | လပွတ္တာ | လပွတ္တာ |
| ၁၇၀ | မဇူးဇူးပိုးစံ | အထက(၁) မော်လမြိုင်ကျွန်း | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၇၁ | မောင်ဘုန်းလရောင်ထွန်း | အထက(၁)မအူပင် | မအူပင် | မအူပင် |
| ၁၇၂ | မခင်ဘုန်းမွန် | အထက(ခွဲ)အလက(၁) | မအူပင် | မအူပင် |
| ၁၇၃ | မဆုပြည့်စုံထွန်း | အထက(၁)ဘိုကလေး | ဘိုကလေး | ဖျာပုံ |
| ၁၇၄ | မောင်သိန်းသန်းလင်း | အထက(၁)ကျိုက်လတ် | ကျိုက်လတ် | ဖျာပုံ |
| ၁၇၅ | မောင်ဇော်မင်းနိုင် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |
| ၁၇၆ | မမေဆင်းသစ် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရ |
| ၁၇၇ | မောင်ခန့်ညားသွင် | အထက(၅)ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ဒက္ခိဏ |
| ၁၇၈ | မသက်စုနှင်း | အထက(၂)ပျဉ်းမနား | ပျဉ်းမနား | ဒက္ခိဏ |

**သတင်းစဉ်**

**မြန်မာနိုင်ငံပြန်တမ်း**

## ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာထွန်းကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

**❍ ဂျပန်ကလပ်မှ**

တာဝန်ယူကိုင်တွယ်နေပြီး ယခုခြေစမ်းပွဲအတွက် ကစားသမား ၂၄ ဦး ရွေးချယ်ခဲ့သည်။ မြန်မာ ယူ-၁၈ အသင်းသည် ကာလရှည် လေ့ကျင့်ပြင်ဆင်နေသည့် အသင်းဖြစ်ပြီး ဇန်နဝါရီတွင် နည်းပြအပြောင်းအလဲပြုလုပ်ခဲ့ကာ ယခင်နည်းပြချုပ် ဦးညီညီလတ်မှာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် လူငယ်ဖွံ့ဖြိုးရေးနည်းစနစ်ဒါရိုက်တာအဖြစ် ခန့်အပ်ခံရသောကြောင့် ဦးစိုးမြတ်မင်းအား ပြောင်းလဲတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် ရွေးချယ်ထားသည့် ကစားသမားများ အတွေ့အကြုံရစေရန် MFF Youth အသင်းအမည်ဖြင့် MNL ယူ-၂၁ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ မြန်မာ ယူ-၁၈ အသင်းသည် ယခုနှစ်အတွင်း အာဆီယံ ယူ-၁၈ ပြိုင်ပွဲနှင့် အာရှ ယူ-၁၉ ခြေစစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ယှဉ်ပြိုင်ကစားမည်**

မြန်မာ ယူ-၂၂ အသင်းသည် အာရှ ယူ-၂၃ ခြေစစ်ပွဲအတွက် ပဏာမကစားသမား ၂၈ ဦးဖြင့် မတ် ၄ ရက်မှစ၍ လေ့ကျင့်လျက်ရှိပြီး ပထမဆုံးခြေစမ်းပွဲအဖြစ် နီဂါတာအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းကို နည်းပြချုပ်အဖြစ် ဗိုပေါ့ဗ်ကပင် ဆက်လက်ကိုင်တွယ်လျက်ရှိသည်။ နီဂါတာအသင်းကို ၂၀၀၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး စင်ကာပူလိဂ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ ဂျပန်ကစားသမားအများစုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ နီဂါတာအသင်းသည် ၂၀၁၆၊ ၂၀၁၇ နှင့် ၂၀၁၈ ရာသီတွင် သုံးရာသီဆက်တိုက် ဗိုလ်စွဲထားသည်။ နီဂါတာအသင်းသည် ပြီးခဲ့သည့်နှစ်များကလည်း မြန်မာအသင်းများနှင့် ခြေစမ်းပွဲကစားခဲ့ဖူးကြောင်း သိရသည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-စိုးညွန့်**



# တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ်ကို နိုင်ငံခြားစာစစ်ဌာနများနှင့်

## မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာနများတွင် ဖြေဆိုသူပေါင်း ၈၅၁၅၇၀ ရှိ

**နေပြည်တော် မတ် ၆**

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထမနေ့အဖြစ် မြန်မာစာဘာသာရပ်ကို ယနေ့တွင် စတင်ဖြေဆိုကြရာ နိုင်ငံခြားစာစစ်ဌာန ၂၁ ခုနှင့် မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာန ၁၈၆၅ ခု၊ စာစစ်ဌာန စုစုပေါင်း ၁၈၈၆ ခုတွင် ဖြေဆိုသူပေါင်း ၈၅၁၅၇၀ ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်တွင် ဖြေဆိုသူပေါင်း ၈၅၁၅၇၀ အနက် တစ်နိုင်ငံလုံး၌ ဆေးရုံဖြေဆိုသူ ၉၄ ဦး၊ အမြင်အာရုံ မသန်စွမ်း ဖြေဆိုသူ ၂၄ ဦး၊ အကြားအာရုံ မသန်စွမ်းဖြေဆိုသူ ၁၅ ဦး၊ ကိုယ်အင်္ဂါ မသန်စွမ်းဖြေဆိုသူ ၁၃၂ ဦး၊ အကျဉ်းထောင်များမှ ဖြေဆိုသူ ၁၈၁ ဦးနှင့် ကရင်ပြည်နယ် မြဝတီမှ ဝင်ရောက်ဖြေဆိုသူ ၁၄၀ ရှိကြောင်း သိရသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အကြားအာရုံမသန်စွမ်း ဖြေဆိုသူများအတွက် မေးခွန်းပုံစံကို သဘောပေါက်နားလည်ရန် လူမှုဝန်ထမ်းသင်တန်းကျောင်းမှ ဆရာ ဆရာမများက Sign Language ဖြင့် ၁၅ မိနစ် ရှင်းလင်းပေးကြောင်း သိရသည်။

**သတင်းစဉ်**

၂၀၁၉-ခုနှစ်မတ်လတွင်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်များတွင် နေ့စဉ်ဖြေဆိုမှုအခြေပြဇယား

ရက်စွဲ- ၆-၃-၂၀၁၉ ဘာသာ- မြန်မာစာ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို % |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | |
| ၁ | ကချင်ပြည်နယ် | ၁၅၅၂၂ | ၂၂၆၃၃ | ၃၈၁၅၅ | ၁၄၂၇၃ | ၂၁၆၇၃ | ၃၅၉၄၆ | ၁၂၄၉ | ၉၆၀ | ၂၂၀၉ | 94.21% |
| ၂ | ကယားပြည်နယ် | ၂၈၇၅ | ၄၉၁၆ | ၇၇၉၁ | ၂၆၅၃ | ၄၇၃၅ | ၇၃၈၈ | ၂၂၂ | ၁၈၁ | ၄၀၃ | 94.83% |
| ၃ | ကရင်ပြည်နယ် | ၇၇၀၂ | ၁၃၀၂၈ | ၂၀၇၃၀ | ၆၉၇၇ | ၁၂၃၁၀ | ၁၉၂၈၇ | ၇၂၅ | ၇၁၈ | ၁၄၄၃ | 93.04% |
| ၄ | ချင်းပြည်နယ် | ၅၁၇၃ | ၆၉၄၁ | ၁၂၁၁၄ | ၄၄၆၈ | ၆၃၀၃ | ၁၀၇၇၁ | ၇၀၅ | ၆၃၈ | ၁၃၄၃ | 88.91% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၅၁၇၇၂ | ၆၇၆၃၃ | ၁၁၉၄၀၅ | ၄၉၂၂၉ | ၆၅၈၇၃ | ၁၁၅၁၀၂ | ၂၅၄၃ | ၁၇၆၀ | ၄၃၀၃ | 96.40% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၈၃၈၃ | ၁၄၇၉၉ | ၂၃၁၈၂ | ၇၆၀၇ | ၁၃၉၉၀ | ၂၁၅၉၇ | ၇၇၆ | ၈၀၉ | ၁၅၈၅ | 93.16% |
| ၇ | ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း) | ၂၁၆၅၇ | ၂၉၁၀၃ | ၅၀၇၆၀ | ၂၀၀၈၂ | ၂၇၈၇၅ | ၄၇၉၅၇ | ၁၅၇၅ | ၁၂၂၈ | ၂၈၀၃ | 94.48% |
| ၈ | ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) | ၁၂၆၂၉ | ၁၆၁၉၈ | ၂၈၈၂၇ | ၁၁၇၇၇ | ၁၅၄၉၂ | ၂၇၂၆၉ | ၈၅၂ | ၇၀၆ | ၁၅၅၈ | 94.60% |
| ၉ | မကွေးတိုင်းဒေသကြီး | ၃၈၆၃၅ | ၄၈၃၂၃ | ၈၆၉၅၈ | ၃၆၆၉၆ | ၄၇၂၂၆ | ၈၃၉၂၂ | ၁၉၃၉ | ၁၀၉၇ | ၃၀၃၆ | 96.51% |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၅၅၃၇၉ | ၆၈၃၅၀ | ၁၂၃၇၂၉ | ၅၂၆၂၄ | ၆၆၅၈၁ | ၁၁၉၂၀၅ | ၂၇၅၅ | ၁၇၆၉ | ၄၅၂၄ | 96.34% |
| ၁၁ | နေပြည်တော် | ၁၂၀၀၅ | ၁၄၁၁၈ | ၂၆၁၂၃ | ၁၁၂၀၅ | ၁၃၆၂၂ | ၂၄၈၂၇ | ၈၀၀ | ၄၉၆ | ၁၂၉၆ | 95.04% |
| ၁၂ | မွန်ပြည်နယ် | ၁၀၉၃၇ | ၁၈၆၄၂ | ၃၀၅၇၉ | ၁၀၉၈၂ | ၁၇၈၃၉ | ၂၈၈၂၁ | ၉၅၅ | ၈၀၃ | ၁၇၅၈ | 94.25% |
| ၁၃ | ရခိုင်ပြည်နယ် | ၂၁၃၂၁ | ၂၄၂၁၃ | ၄၅၅၃၄ | ၁၉၃၉၈ | ၂၃၀၁၈ | ၄၂၄၁၆ | ၁၉၂၃ | ၁၁၉၅ | ၃၁၁၈ | 93.15% |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး | ၆၂၁၁၅ | ၆၇၅၆၄ | ၁၂၉၆၇၉ | ၅၇၄၅၂ | ၆၄၃၀၇ | ၁၂၁၇၅၉ | ၄၆၆၃ | ၃၂၅၇ | ၇၉၂၀ | 93.89% |
| ၁၅ | ရှမ်းပြည်နယ်(တောင်ပိုင်း) | ၁၃၈၁၁ | ၂၁၈၅၉ | ၃၅၆၇၀ | ၁၂၉၈၂ | ၂၁၁၇၄ | ၃၄၁၅၆ | ၈၂၉ | ၆၈၅ | ၁၅၁၄ | 95.76% |
| ၁၆ | ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၆၉၈၃ | ၁၁၃၃၅ | ၁၈၃၁၈ | ၆၅၀၂ | ၁၀၈၉၃ | ၁၇၃၉၅ | ၄၈၁ | ၄၄၂ | ၉၂၃ | 94.96% |
| ၁၇ | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၂၁၁၇ | ၃၂၀၈ | ၅၃၂၅ | ၁၉၅၀ | ၃၀၅၈ | ၅၀၀၈ | ၁၆၇ | ၁၅၀ | ၃၁၇ | 94.05% |
| ၁၈ | ဧရာဝတီတိုင်းဒေသကြီး | ၄၁၄၃၀ | ၅၃၅၁၂ | ၉၄၉၄၂ | ၃၇၇၄၇ | ၅၀၈၂၄ | ၈၈၅၇၁ | ၃၆၈၃ | ၂၆၈၈ | ၆၃၇၁ | 93.29% |
| ၁၉ | နိုင်ငံခြား | ၅၉ | ၁၁၄ | ၁၇၃ | ၅၉ | ၁၁၄ | ၁၇၃ | ၀ | ၀ | ၀ | 100.00% |
| | စုစုပေါင်း | ၃၉၁၅၀၅ | ၅၀၆၄၈၉ | ၈၉၇၉၉၄ | ၃၆၄၆၆၃ | ၄၈၆၉၀၇ | ၈၅၁၅၇၀ | ၂၆၈၄၂ | ၁၉၅၈၂ | ၄၆၄၂၄ | 94.83% |



ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများကို ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဖြေဆိုမှုအပြီး မတ် ၆ ရက်က တွေ့ရစဉ်။ **ဇော်မင်းလတ်**



**၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ ယနေ့ မြန်မာစာဘာသာရပ် ဖြေဆိုကြသည့် ရန်ကုန်မြို့ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ကျောင်းသားများကို တွေ့ရစဉ်။** (၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်မြို့ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ကျောင်းသား ကျောင်းသူ ၇၃ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။)

**ဓာတ်ပုံ-ဗဖော်**



**စစ်တွေမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ ပထမနေ့ မြန်မာစာဘာသာရပ် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများကို မတ် ၆ ရက်က တွေ့ရစဉ်။** (ရခိုင်ပြည်နယ်တွင် ကျောင်းသား ကျောင်းသူ ၄၂၄၁၆ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ပျက်ကွက်သူ ၃၁၁၈ ဦး ရှိကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။)

**ဓာတ်ပုံ-ဟန်လင်းထက်**



**မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲခြံ)မှ ကျောင်းသား ကျောင်းသူများ အင်းစိန်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ မတ် ၆ ရက်က တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်ဖြေဆိုအပြီး တွေ့ရစဉ်။** (၂၀၁၉ ခုနှစ် တက္ကသိုလ် ဝင်စာမေးပွဲကို ရန်ကုန်တိုင်းဒေသကြီး အတွင်းမှ မျက်မမြင်၊ ဆွံ့အ၊ နားမကြား ကျောင်းသား ကျောင်းသူ ၁၉ ဦး ဝင်ရောက်ဖြေဆိုကြောင်း အခြေခံ ပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။) **ဓာတ်ပုံ-ဗဖော်**

☆ ကျောဖုံးမှ

ထိုသို့ဖြေဆိုလျက်ရှိရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၉နာရီတွင် နေပြည်တော် ဇဗ္ဗူသီရိမြို့နယ်ရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

"၂၀၁၉ တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းတွေကတော့ အရင်နှစ်တွေနဲ့ မေးခွန်းပုံစံမတူပါဘူး။ မေးခွန်းပုံစံ နည်းနည်းပြောင်းသွားပါတယ်။ အဓိကကတော့ ၂၀၁၉ တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းတွေကတော့ ကျောင်းသား ကျောင်းသူတွေ စဉ်းစားတွေးခေါ်မှုကို ပိုပြီးတော့ မြှင့်တင်ပေးတဲ့ မေးခွန်းပုံစံတွေဖြစ်လာပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းပုံစံပြောင်းလဲထားရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

"ကျောင်းသား ကျောင်းသူတွေအနေနဲ့ စာမှန်မှန်လေ့လာခဲ့မယ်။ ဆရာ ဆရာမတွေသင်ကြားပေးတဲ့ သင်ခန်းစာတွေကို မှန်မှန်လေးလုပ်ခဲ့မယ်။ မိဘတွေကလည်း ဆရာ ဆရာမတွေနဲ့ ပူးပေါင်းပြီး ကျန်းမာရေး၊ အာဟာရနှင့် ကလေးတွေ လိုအပ်တဲ့အပိုင်းတွေကို စနစ်တကျဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့မယ်ဆိုရင် စာမေးပွဲက ဖြေဆိုအောင်မြင်ဖို့ လွယ်ကူပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက "မိဘတွေ၊ ကျောင်းသား ကျောင်းသူတွေနဲ့ ဆရာ ဆရာမတွေကို အဓိက အသိပေးလိုတာက ဘာသာတွဲ ရွေးချယ်မှုပါ။ ဘာသာတွဲရွေးချယ်မှုဟာ အင်မတန်အရေးကြီးပါတယ်။ ဘာသာတွဲရွေးချယ်မှုဟာ တက္ကသိုလ်ဝင်စာမေးပွဲအတွက် အဓိက အရေးကြီးဆုံးဖြစ်ပါတယ်။ ဘာသာတွဲရွေးချယ်မှု မှန်ခဲ့မယ်ဆိုရင် စာမေးပွဲကို အခက်အခဲမရှိ ဖြေဆိုအောင်မြင်မှာဖြစ်ပါတယ်"ဟု ဘာသာတွဲရွေးချယ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အလားတူ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကလည်း နေပြည်တော် ပြည်ထောင်စုနယ်မြေရှိ စာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုကို လိုက်လံကြည့်ရှုအားပေးကြကြောင်း သိရသည်။

နေပြည်တော်ပြည်ထောင်စုနယ်မြေရှိ မြို့နယ် ရှစ်မြို့နယ်တွင် စာစစ်ဌာန ၅၀ ၌ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၄၈၂၇ ဦး ဖြေဆိုလျက်ရှိသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုယ်အင်္ဂါမသန်စွမ်းဖြေဆိုသူ ၁၃၂ ဦး၊ အမြင်အာရုံမသန်စွမ်းဖြေဆိုသူ ၂၄ ဦး၊ အကြားအာရုံ မသန်စွမ်းဖြေဆိုသူ ၁၅ ဦး၊ အကျဉ်းထောင်များမှ ဖြေဆိုသူ ၁၈၁ ဦးနှင့် ဆေးရုံများမှ ဖြေဆိုသူ ၉၄ ဦးရှိကြောင်း သိရသည်။

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့နံနက်ပိုင်းတွင် မြန်မာစာဘာသာရပ်ကို စတင်ဖြေဆိုကြပြီး မတ် ၇ ရက်တွင် အင်္ဂလိပ်စာဘာသာရပ်၊ မတ် ၈ ရက်တွင် သင်္ချာဘာသာရပ်၊ မတ် ၉ ရက်တွင် စိတ်ကြိုက် မြန်မာစာဘာသာရပ်၊ မတ် ၁၁ ရက်တွင် ဓာတုဗေဒဘာသာရပ်၊ မတ် ၁၂ ရက်တွင် ရူပဗေဒဘာသာရပ်၊ မတ် ၁၃ ရက်တွင် ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်၊ မတ် ၁၄ ရက်တွင် ပထဝီဝင်ဘာသာရပ်နှင့် မတ် ၁၅ ရက်တွင် သမိုင်းဘာသာရပ်များကို ဖြေဆိုကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မော်စီ၊ ဓာတ်ပုံ- ကျော်ရဲဆွေ**



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၌ မတ် ၆ ရက်က တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်ဖြေဆိုပြီး ပျော်ရွှင်စွာထွက်လာကြသည့် ကျောင်းသား ကျောင်းသူများအား မိဘဆွေမျိုးများက စောင့်ဆိုင်းကြိုဆိုနေကြစဉ်။ **ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

# စာစစ်ဌာန မှားယွင်းလာသူအား ယာဉ်ထိန်းရဲတပ်ဖွဲ့က အချိန်မီပို့ဆောင်

**ရန်ကုန် မတ် ၆**

တက္ကသိုလ်ဝင်စာမေးပွဲ ပထမဆုံးနေ့ (မြန်မာစာဖြေရသည့်နေ့) တွင် အထက(၂) ကြည့်မြင်တိုင်၌ ဖြေဆိုရမည့် မောင်စစ်ကောင်းမြတ်သည် အထက(၂)စမ်းချောင်းသို့ အချိန်နီးကပ်မှ မှားယွင်းရောက်ရှိလာရာ ကျောင်းရှေ့တွင် တာဝန်ကျနေသည့် စမ်းချောင်းမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက အဆင့်ဆင့်ချိတ်ဆက် ဆက်သွယ်လမ်းရှင်းပေးပြီး မီးတန်းဆိုင်ကယ်ဖြင့် လိုက်လံပို့ဆောင် ကူညီပေးသောကြောင့် စာမေးပွဲကို အချိန်မီဖြေဆိုနိုင်ခဲ့ကြောင်း သိရသည်။

မီးတန်းယာဉ်၊ မီးတန်းဆိုင်ကယ်များဖြင့် အသင့်စီစဉ်ထားရှိသည့်အတွက် ယခုကဲ့သို့ လျင်လျင်မြန်မြန် ကူညီဆောင်ရွက်ပေးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း စမ်းချောင်းယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်စိုးသိန်းက ပြောသည်။



**ကျော်ကျော် (စက်မှုတက္ကသိုလ်)**

# ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြို့နယ်အသီးသီးတွင် အေးချမ်းပျော်ရွှင်စွာဖြေဆို

**မန္တလေး**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်တွင် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်ကို ယနေ့ နံနက် ၉ နာရီမှ စ၍ တစ်ပြိုင်နက် ဖြေဆိုခဲ့ကြသည်။

ထိုသို့ဖြေဆိုရာတွင် စာစစ်ဌာန ၂၀၃ ခု၌ စာရင်းရှိ ၁၂၃၇၂၉ ဦး၊ ဖြေဆိုသူ ၁၁၉၂၀၅ ဦး၊ ပျက်ကွက်သူ ၄၅၂၄ ဦး၊ ဖြေဆိုသူ ၉၆ ဒသမ ၃၄ ရာခိုင်နှုန်း၊ ပျက်ကွက်သူ ၃ ဒသမ ၆၆ ရာခိုင်နှုန်းဖြစ်ကြောင်း တိုင်းဒေသကြီးပညာရေးဌာန၏ စာရင်းများအရ သိရသည်။

ထို့ပြင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး စာစစ်ဌာနတွင် အတွင်းလူနာအဖြစ် တက်ရောက်လျက်ရှိသည့် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်များရှိ ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသားတစ်ဦးနှင့် ကျောင်းသူ တစ်ဦးတို့ ဖြေဆိုခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

**ဘူးသီးတောင်**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ မတ် ၆ ရက်တွင် ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုရန် လျှောက်ထားသူ ကျောင်းသား ကျောင်းသူ ၁၈၅၁ ဦး အနက် ယနေ့ မြန်မာစာဘာသာရပ် ဖြေဆိုသူဦးရေမှာ ၁၇၂၃ ဦးဖြစ်ကာ ပျက်ကွက်သူ ၁၂၈ ဦးဖြစ်ကြောင်း သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေစဉ် စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ စုပေါင်းကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လှကျော် (ပြန်/ဆက်)**

**မော်လမြိုင်ကျွန်း**

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ စာစစ်ဌာန ၁၀ ခုတွင် စတင်ဖြေဆိုကြရန် မော်လမြိုင်ကျွန်းမြို့ပေါ်နှင့် ကျေးရွာအသီးသီးမှ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများသည် မတ် ၆ ရက် နံနက် ၇ နာရီခွဲမှစ၍ စာစစ်ဌာနအသီးသီးသို့ မိဘအုပ်ထိန်းသူများ၊ ဆရာ ဆရာမများနှင့်အတူ အေးချမ်းပျော်ရွှင်စွာ ရောက်ရှိလာကြသည်။

တစ်မြို့နယ်လုံးတွင် ဖြေဆိုရန်စာရင်းပေးသွင်းထားသော ကျောင်းသား ကျောင်းသူများမှာ ကျောင်းတွင်းဖြေ ၂၂၈၂ ဦးနှင့် ပြင်ပဖြေ ၁၅၆၈ ဦး စုစုပေါင်း ၃၈၅၀ စာရင်းပေးသွင်းဖြေဆိုကြကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

**ဟသ်ာတ**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ ယနေ့တွင် စတင်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာကို ဝင်ရောက်ဖြေဆိုသူ ၅၇၆၈ ဦးရှိကြောင်း သိရသည်။

ဟသ်ာတတွင် စာစစ်ဌာန ၁၂ ခု ဖွင့်လှစ်ထားရှိပြီး ကျောင်းတွင်းဖြေ ၄၅၆၇ ဦး၊ ပြင်ပဖြေ ၁၆၀၉ ဦး စုစုပေါင်း ၆၁၇၆ ဦး ဖြေဆိုရန် စာရင်းပေးသွင်းထားသည့်အနက် မြန်မာစာဘာသာရပ်တွင် ကျောင်းတွင်းဖြေနှင့် ပြင်ပဖြေ စုစုပေါင်း ၅၇၆၈ဦး ဝင်ရောက်ဖြေဆိုပြီး ဖြေဆိုရန်ပျက်ကွက်သူ ၄၀၈ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**

**နမ့်ဆန်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်တွင် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို နံနက် ၉ နာရီက စတင်ကျင်းပရာ ကျောင်းတွင်းဖြေ၊ ပြင်ပဖြေ ကျောင်းသား ကျောင်းသူပေါင်း ၉၇၂ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း မြို့နယ် ပညာရေးဌာနမှ သိရသည်။

စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာဖြေဆိုနိုင်ရေးအတွက် လိုအပ်သော ကျန်းမာရေးကြီးကြပ်ဆောင်ရွက်ရေး၊ လုံခြုံရေးများ ဆောင်ရွက်ထားရှိပြီး စာမေးပွဲဖြေဆိုသည့်ကာလအတွင်း လျှပ်စစ်မီးပြတ်တောက်မှုမရှိစေရေးတို့အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးနှင့် ဌာနဆိုင်ရာများက ကြိုတင်စီမံ ဆောင်ရွက်ထားရှိလျက်ရှိကြောင်း သိရသည်။ **အောင်မိုး (နမ့်ဆန် ပြန်/ဆက်)**

**နေပြည်တော်**

တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်ကို နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ စာစစ်ဌာနနှစ်ခု၌ မတ် ၆ ရက် နံနက် ၉ နာရီတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုကြသည်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရာတွင် စာစစ်ဌာနများတွင် ဆရာ ဆရာမများ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

**လွိုင်ကော်**

ကယားပြည်နယ်တွင် စာစစ်ဌာန ၁၉ ခုရှိပြီး စာမေးပွဲဖြေဆိုရန် ၇၇၉၁ ဦး စာရင်းပေးသွင်းထားရာ ယနေ့ မြန်မာဘာသာဖြေဆိုချိန်တွင် ၇၃၈၈ ဦး ဝင်ရောက်ဖြေဆိုကြသည်။

စာမေးပွဲဖြေဆိုနေချိန်တွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရန်အတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများက စက်သံဆူညံသံများ မဖြစ်ပေါ်စေရေး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များ မဖြစ်ပေါ်စေရေး စနစ်တကျ ကြီးကြပ်ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**



# ငါးမွေးမြူရေးဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

၈။ ဦးစီးဌာနသည် ဤဥပဒေအရ မိမိအား အပ်နှင်းထားသော တာဝန်များကို ဦးစီးဌာနမှ ပြန်တမ်းဝင်အရာရှိအဆင့်အောက်မနိမ့်သော အရာရှိတစ်ဦးဦးကို ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးတစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

**အခန်း(၅)**

**အငှားဂရန် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း**

၉။ ပုဒ်မ ၄၊ ပုဒ်မခွဲ (က) နှင့် (ခ)တို့အရ ဝန်ကြီးဌာနက စီမံခန့်ခွဲနိုင်ခွင့်ရှိသော ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေး ရေပြင်များတွင် ငါးမွေးမြူလိုသူသည် အငှားဂရန်ရရှိရန် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၁၀။ ဦးစီးဌာနသည် ပုဒ်မ ၉ အရ အငှားဂရန်လျှောက်ထားချက်ကိုစိစစ်ပြီး ဝန်ကြီးဌာနက စီမံခန့်ခွဲနိုင်ခွင့်ရှိသောငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေးရေပြင်တွင် ငါးမွေးမြူရန်လျှောက်ထားသူအား တစ်ကြိမ်လျှင် နှစ် ၅၀ ထက်မပိုသော ကာလအတွက် စည်းကမ်းချက်များသတ်မှတ်၍ အငှားဂရန်ချပေးနိုင်သည်။

၁၁။ ပုဒ်မ ၁၀ အရ အငှားဂရန်ရရှိသူသည်-

(က) ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင်ဧရိယာ၏ ၅၀ ရာခိုင်နှုန်းတွင် အငှားဂရန်ရရှိသည့် နေ့ရက်မှ သုံးနှစ်အတွင်း ငါးမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ရမည်ဖြစ်ပြီး သက်တမ်းငါးနှစ်ကြာမြင့်သည့်အခါ ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေး ရေပြင်ဧရိယာအားလုံးတွင် ငါးမွေးမြူခြင်းလုပ်ငန်းကို လုပ်ကိုင်ရမည်။

(ခ) အငှားဂရန်ရရှိသော ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေး ရေပြင်ဧရိယာ၏ အနည်းဆုံး ၇၅ ရာခိုင်နှုန်းကို ပုဒ်မခွဲ (က)အရ သတ်မှတ်သည့်ကာလအတွင်း ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင်ဧရိယာအဖြစ် တူးဖော်လုပ်ကိုင်ရမည်။

(ဂ) ငါးမွေးမြူခြင်းလုပ်ငန်းဆိုင်ရာဆောင်ရွက်မှုအစီရင်ခံစာ၊ ဦးစီးဌာနကတောင်းခံသော စာရင်းဇယားနှင့် အချက်အလက်များကို တင်ပြရမည်။

(ဃ) ပုဒ်မခွဲ (က) မှ (ဂ) အထိပါ အချက်များအပြင် ဦးစီးဌာနက သတ်မှတ်ထားသည့် စည်းကမ်းချက်များကိုလည်း လိုက်နာဆောင်ရွက်ရမည်။

၁၂။ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) နှင့်(ခ) တို့ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါက အငှားဂရန်ပျက်ပြယ်စေရမည့်အပြင် အငှားဂရန်ရရှိသော ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင်ဧရိယာသည် ဦးစီးဌာန၏လက်ဝယ်သို့ ပြန်လည်ရောက်ရှိသည်ဟု မှတ်ယူရမည်။ ထို့ပြင် အငှားဂရန်ရရှိသူသည် အငှားဂရန်ရရှိသည့် ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင်ဧရိယာပေါ်တွင် ကုန်ကျခဲ့သည့်စရိတ်များကို ဦးစီးဌာနသို့ ပြန်လည်တောင်းခံခွင့်မရှိစေရ။

၁၃။ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုနှင့်သက်ဆိုင်သည့်မြေတွင် ငါးမွေးမြူခြင်းလုပ်ငန်းလုပ်ကိုင်ရေးအတွက် ယင်းဌာန၊ အဖွဲ့အစည်း၏သဘောတူညီချက်ရရှိထားသူ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အငှားဂရန်ရရှိထားသူ သို့မဟုတ် ပုဂ္ဂလိကပိုင်မြေအဖြစ် မြေပိုင်ဆိုင်ခွင့်ရရှိထားသူသည် ဦးစီးဌာနသို့ အငှားဂရန်လျှောက်ထားရန် မလိုအပ်သော်လည်း ငါးမွေးမြူခြင်းလုပ်ငန်းအတွက် ဤဥပဒေအရ လိုင်စင်လျှောက်ထားရယူရမည်။

**အခန်း(၆)**

**လိုင်စင်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း**

၁၄။ ပုဒ်မ ၁၀ ပါ အငှားဂရန်ရရှိသူကဖြစ်စေ၊ ပုဒ်မ ၁၃ ပါ အငှားဂရန်လျှောက်ထားရန် မလိုအပ်သူကဖြစ်စေ အောက်ပါငါးမွေးမြူခြင်းလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုလျှင် လိုင်စင်ရရှိရန် သက်ဆိုင်ရာဦးစီးဌာနမှူးထံသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်-

(က) ဝန်ကြီးဌာနက ပုဒ်မ ၄ အရ စီမံခန့်ခွဲနိုင်ခွင့်ရှိသော ငါးမွေးမြူရေးမြေ သို့မဟုတ် ငါးမွေးမြူရေးရေပြင်တွင် ငါးမွေးမြူခြင်းလုပ်ငန်းလုပ်ကိုင်ခြင်း၊

(ခ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက လက်ဝယ်ထားသည့်မြေနှင့် ရေပြင်တွင် ယင်းအစိုးရဌာန၊ အဖွဲ့အစည်း၏သဘောတူညီချက်ဖြင့် ငါးမွေးမြူခြင်းလုပ်ငန်းလုပ်ကိုင်ခြင်း၊

(ဂ) လယ်ယာမြေတွင် လယ်ယာမြေဥပဒေနှင့်အညီ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ခွင့်ပြုချက်အရ ငါးမွေးမြူခြင်းလုပ်ငန်းလုပ်ကိုင်လိုခြင်း၊

(ဃ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းမြေတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့်အညီ ဗဟိုကော်မတီက ခွင့်ပြုချက်အရ ငါးမွေးမြူခြင်းလုပ်ငန်းလုပ်ကိုင်လိုခြင်း၊

(င) စီးပွားဖြစ်ငါးမွေးမြူခြင်း၊ငါးသားဖောက်ခြင်း၊ သဘာဝရေပြင်မှ ငါးသားပေါက်စုဆောင်းခြင်း၊ ရောင်းချခြင်း၊ သားပေါက်နှင့် မျိုးငါးများပြုစုခြင်းလုပ်ငန်း၊

(စ) စီးပွားဖြစ်အလှမွေးငါးမွေးမြူရေး၊ သားဖောက်ရေး၊ ရောင်းချရေး၊ စုဆောင်းရေးလုပ်ငန်းနှင့် မျိုးငါးစုဆောင်းရေးလုပ်ငန်း၊

(ဆ) လိုင်စင်ရယူရန် ဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသော အခြားငါးမွေးမြူခြင်းလုပ်ငန်းများ။

၁၅။ သက်ဆိုင်ရာဦးစီးဌာနမှူးသည်-

(က) ပုဒ်မ ၁၄ အရ လိုင်စင်လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်ခပေးသွင်းစေပြီး လိုင်စင်သက်တမ်းနှင့် စည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်ထုတ်ပေးနိုင်သည်။

၁၆။ လိုင်စင်ရရှိသူသည် -

(က) လိုင်စင်တွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) ငါးမွေးမြူခြင်းလုပ်ငန်းဆိုင်ရာဆောင်ရွက်မှု အစီရင်ခံစာနှင့် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ တောင်းခံသော စာရင်းဇယား၊ အချက်အလက်များကို တင်ပြရမည်။

(ဂ) အကြောင်းတစ်စုံတစ်ရာကြောင့် လုပ်ငန်းဆက်လက်လုပ်ကိုင်နိုင်မှုမရှိခြင်း သို့မဟုတ် အခြားသူတစ်ဦးကို လွှဲပြောင်းလိုပါက သတ်မှတ်ချက်များနှင့်အညီ စာဖြင့် ဦးစီးဌာနမှူးထံသို့ တင်ပြ၍ ခွင့်ပြုချက်ရယူရမည်။

(ဃ) လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် ငါးမွေးမြူခြင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ သက်ဆိုင်ရာဦးစီးဌာနမှူးထံသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထား၍ လိုင်စင်သက်တမ်းတိုးမြှင့်ပြီးမှ လုပ်ငန်းဆက်လက်ဆောင်ရွက်ရမည်။

**အခန်း(၇)**

**အခကြေးငွေ ပေးဆောင်ခြင်း**

၁၇။ ဦးစီးဌာနသည် အငှားဂရန်ကြေး၊ လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေးစသည့် အခကြေးငွေများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ရမည်။

၁၈။ လိုင်စင်ရရှိသူသည် ပုဒ်မ ၁၇ အရ သတ်မှတ်ထားသော လိုင်စင်နှင့်စပ်လျဉ်း၍ စည်းကြပ်ကောက်ခံသည့် အခကြေးငွေကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာဦးစီးဌာနမှူးထံသို့လည်းကောင်း၊ အငှားဂရန်ရရှိသူသည် သတ်မှတ်ထားသော အငှားဂရန်ကြေးနှင့်စပ်လျဉ်းသည့် အခကြေးငွေကို ဦးစီးဌာနသို့လည်းကောင်း ပေးဆောင်ရမည်။

၁၉။ သက်ဆိုင်ရာဦးစီးဌာနမှူးသည် လိုင်စင်နှင့်စပ်လျဉ်း၍ စည်းကြပ်ကောက်ခံသည့် အခကြေးငွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာငွေအရအသုံးငွေစာရင်းသို့လည်းကောင်း၊ ဦးစီးဌာနသည် အငှားဂရန်နှင့်စပ်လျဉ်း၍ စည်းကြပ်ကောက်ခံသည့် အခကြေးငွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းသို့လည်းကောင်း ပေးသွင်းရမည်။

၂၀။ အငှားဂရန်နှင့် လိုင်စင်ဆိုင်ရာ အခကြေးငွေပေးဆောင်ရန် ပြဋ္ဌာန်းချက်သည် ဦးစီးဌာနကဆောင်ရွက်သော ငါးမွေးမြူခြင်းလုပ်ငန်းများ၊ ငါးသားဖောက်ခြင်းလုပ်ငန်းများ၊ ငါးမွေးမြူရေးဆိုင်ရာသုတေသနလုပ်ငန်း သို့မဟုတ် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မသက်ဆိုင်စေရ။

**အခန်း(၈)**

**စစ်ဆေးခြင်းနှင့် အရေးယူခြင်း**

၂၁။ ဦးစီးဌာနသည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဦးစီးဌာနက သတ်မှတ်ထားသော စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊ အရေးယူခြင်းပြုရန် စစ်ဆေးရေးမှူးများကို တာဝန်ပေးအပ်ရမည်။

(ခ) စွန့်ပစ်ရေဆိုးများ၊ ဓာတုပစ္စည်းများ၊ ပိုးသတ်ဆေးများ၊ ရေထုညစ်ညမ်းစေသောအရာများ ဝင်ရောက်မှုနှင့် စွန့်ထုတ်မှုတို့ မရှိစေရေးအတွက် စစ်ဆေးရေးမှူးများကို တာဝန်ပေးအပ်ရမည်။

၂၂။ စစ်ဆေးရေးမှူးများသည် အောက်ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်-

(က) မိမိတာဝန်ခံရသည့် နယ်မြေအတွင်း၌ဖြစ်စေ၊ သီးခြားတာဝန်ပေးအပ်သည့် နယ်မြေအတွင်း၌ဖြစ်စေ၊ ငါးလုပ်ငန်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို စစ်ဆေးခြင်း၊

(ခ) ငါးလုပ်ငန်းဆိုင်ရာနေရာနှင့် အဆောက်အအုံများအတွင်းသို့ သတ်မှတ်ချက်နှင့်အညီ ဝင်ရောက်စစ်ဆေးခြင်း၊ရှာဖွေခြင်း၊ ဤဥပဒေပါပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်သူများအား ဖမ်းဆီးခြင်းနှင့် အရေးယူခြင်း၊

(ဂ) ပုဂ္ဂလိကငါးမွေးမြူရေးရေပြင်များနှင့် ငါးမွေးကန်များတွင် စွန့်ပစ်ရေဆိုးများ၊ ဓာတုပစ္စည်းများ၊ ပိုးသတ်ဆေးများ၊ ရေထုညစ်ညမ်းစေသောအရာများ ဝင်ရောက်မှုနှင့်စွန့်ထုတ်မှုတို့ မရှိစေရေးအတွက် ဆောင်ရွက်စေခြင်းနှင့် စစ်ဆေးခြင်း၊

(ဃ) ပြစ်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် သတ်မှတ်ပုံစံဖြင့် သိမ်းဆည်းခြင်း၊

(င) သိမ်းဆည်းရမိသော ပုပ်သိုးပျက်စီးလွယ်သည့် ငါးနှင့်ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသော အခြားပစ္စည်းများအား တရားရုံးသို့ တရားစွဲဆိုတင်ပို့ခြင်းမပြုဘဲ ဦးစီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ခွင့်ပြုချက်ရယူ၍ ထုခွဲရောင်းချပြီး ရရှိသောငွေများကို ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သက်ဆိုင်ရာ ငွေစာရင်းသို့ပေးသွင်း၍ သတ်မှတ်ထားသည့်ဘဏ်သို့ အပ်နှံခြင်း၊

(စ) အမိန့်ကြော်ငြာစာထုတ်ပြန်၍ တားမြစ်ထားသောငါးများကို ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် သုတေသနပြုလုပ်ရန်နှင့် အများပြည်သူအား အသိပေးပြသရန်မှတစ်ပါး ငါးသားဖောက်ခြင်း၊ ငါးမွေးမြူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် သိုလှောင်ခြင်းမပြုရန် တားမြစ်ခြင်းနှင့်စစ်ဆေးခြင်း၊

(ဆ) ဦးစီးဌာနက အခါအားလျော်စွာ ပေးအပ်သော ငါးလုပ်ငန်းနှင့် သက်ဆိုင်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

**အခန်း(၉)**

**စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း**

၂၃။ လိုင်စင် သို့မဟုတ် အငှားဂရန်ရရှိသူက လိုင်စင် သို့မဟုတ် အငှားဂရန်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ လိုင်စင် သို့မဟုတ် အငှားဂရန်ကို မမှန်မကန်လိမ်လည်လျှောက်ထားလျှင်သော်လည်းကောင်း၊ ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်လျှင်သော်လည်းကောင်း သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) စာဖြင့်သတိပေးပြီး သတ်မှတ်သည့်ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(ဂ) အငှားဂရန် သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း။

၂၄။ (က) အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူသည် အငှားဂရန် သို့မဟုတ် လိုင်စင်ကို ယာယီရပ်ဆိုင်းကြောင်း အမိန့်ချမှတ်ထားသည့် ကာလအတွင်းဖြစ်စေ၊ ပယ်ဖျက်ကြောင်း အမိန့်ချမှတ်ထားလျှင်ဖြစ်စေ လုပ်ငန်းလုပ်ကိုင်ခြင်းမပြုဘဲ ရပ်ဆိုင်းထားရမည်။

(ခ) ပုဒ်မခွဲ(က)အရ ရပ်ဆိုင်းထားရမည့်လုပ်ငန်းကို ရပ်ဆိုင်းခြင်းမရှိဘဲ ဆက်လက်လုပ်ကိုင်ပါက အငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ လုပ်ကိုင်သည်ဟု မှတ်ယူခြင်းခံရမည်။

**အခန်း (၁၀)**

**အယူခံခြင်း**

၂၅။ (က) ဤဥပဒေအရ ချမှတ်သည့် သက်ဆိုင်ရာဦးစီးဌာနမှူး၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့်သို့မဟုတ် ဆုံးဖြတ်ချက် လက်ခံရရှိသောနေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ(က) အရ အယူခံမှုကို စိစစ်ပြီး သက်ဆိုင်ရာ ဦးစီးဌာနမှူးက ချမှတ်ထားသည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် သင့်လျော်သောအမိန့်တစ်ရပ်ရပ် ချမှတ်ခြင်းပြုနိုင်သည်။

**(ဆက်လက်ဖော်ပြပါမည်)**

# အသက် ၁၈ နှစ် ပြည့်သူတိုင်း ရန်ကုန်စည်ပင်ရွေးကောက်ပွဲ မဲပေးနိုင်

**ရန်ကုန် မတ် ၆**

၂၀၁၈ ခုနှစ် စည်ပင်ဥပဒေသစ်အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်ပြည့်သူ နိုင်ငံသားတိုင်း ဆန္ဒမဲပေးခွင့်ရှိကြောင်း ရန်ကုန်စည်ပင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ခိုင်က ပြောသည်။

"၂၀၁၄ ခုနှစ် ရန်ကုန်စည်ပင်ရွေးကောက်ပွဲမှာတော့ အိမ်ထောင်စုတစ်စုကို တစ်ဦးသာ မဲပေးခွင့်ရှိပါတယ်။ ၂၀၁၈ ခုနှစ် ရန်ကုန်စည်ပင်ဥပဒေသစ် နည်းဥပဒေအရ အသက် ၁၈နှစ်ပြည့်သူ နိုင်ငံသားတိုင်း မဲပေးခွင့်ရှိပါတယ်" ဟု ရန်ကုန်စည်ပင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ခိုင်က ပြောသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရွေးကောက်ပွဲကို ၂၀၁၉ ခုနှစ် မတ် ၃၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ရာ မြို့တော်သူ မြို့တော်သားများ ဆန္ဒမဲပေးရာ၌ မြို့တော်စည်ပင်သာယာရေးကော်မတီဝင်အတွက် တစ်မဲ၊ မြို့နယ်စည်ပင်သာယာဥက္ကဋ္ဌအတွက် တစ်မဲ၊ မြို့နယ်စည်ပင်သာယာအဖွဲ့ဝင် (၁) အတွက် တစ်မဲ၊ မြို့နယ်စည်ပင်သာယာအဖွဲ့ဝင် (၂) အတွက် တစ်မဲ စုစုပေါင်း မဲပြားလေးပြား မဲပေးရမည်ဖြစ်သည်။

အခြေခံမဲစာရင်းကောက်ယူမှုအရ ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၃၃ မြို့နယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃ ဒသမ ၄ သန်းရှိကြောင်း၊ ၎င်းတို့အတွက် မဲပြားအရေအတွက် ၁၂ သန်း ရိုက်နှိပ်ရမည်ဖြစ်ရာ ယခုအခါ မဲပြားထက်ဝက်ကျော်ရိုက်နှိပ်ပြီးစီးသွားပြီဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံးအနေဖြင့် ရပ်ကွက်ပေါင်း ၆၁၃ ခုတွင် မဲရုံပေါင်း ၃၄၀၀ မှ ၃၆၀၀ ကြားရှိကြောင်း သိရသည်။

ရန်ကုန်စည်ပင်ရွေးကောက်ပွဲကို ၂၀၁၄ ခုနှစ်က ပထမဆုံးအကြိမ်ကျင်းပခဲ့ပြီး ယခုအကြိမ်သည် ဒုတိယအကြိမ်မြောက်ကျင်းပခြင်းဖြစ်ကြောင်း၊ ရွေးကောက်ခံကိုယ်စားလှယ်များ၏ သက်တမ်းမှာ အစိုးရသက်တမ်းနှင့်အတူတူဖြစ်၍ အစိုးရသက်တမ်းကုန်ဆုံးချိန်တွင် ၎င်းတို့၏ သက်တမ်းမှာလည်း ကုန်ဆုံးမည်ဖြစ်ကြောင်း၊ သို့သော်လည်း စည်ပင်ရွေးကောက်ပွဲကို နောက်ထပ်မပြုမီကာလအထိ တာဝန်ထမ်းဆောင်ရမည်ဖြစ်၍ ယခုရွေးချယ်တင်မြှောက်လိုက်သူများသည် အနည်းဆုံးနှစ်နှစ် တာဝန်ထမ်းဆောင်ရဖွယ်ရှိကြောင်း သိရသည်။

**မြင့်မောင်စိုး**

# ပဲခူးမြို့၏ ပြယုဂ်တစ်ခုဖြစ်သည့် ရှေးဟောင်းကျုံး၊ ကျုံးပတ်လမ်းနှင့် မြို့ရိုးပြန်လည်တူးဖော်

**ပဲခူး မတ် ၆**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် မတ် ၅ ရက် ညနေ ၅ နာရီက တာဝန်ရှိသူများနှင့်အတူ ရှေးဟောင်းကျုံးနှင့် မြို့ရိုးတူးဖော်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပဲခူးတိုင်းဒေသကြီးရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပဲခူးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ရှေးဟောင်းကျုံး၊ ကျုံးပတ်လမ်းနှင့် မြို့ရိုးပြန်လည်တူးဖော်နေမှုများ၊ မြို့ရိုးတူးဖော်မှုမှရရှိသည့် ရှေးဟောင်းပစ္စည်းများ တစ်ခုချင်းစီမှတ်တမ်းတင်ထားရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ရှေးဟောင်းကျုံး၊ ကျုံးပတ်လမ်းနှင့် မြို့ရိုးပြန်လည် တူးဖော်မှုသည် ပဲခူးမြို့၏ အလွန်ကောင်းမွန်သော ပြယုဂ်တစ်ခုဖြစ်ကြောင်း၊ တူးဖော်မှုများ ဆောင်ရွက်ရာတွင်လည်း သတ်မှတ်ထားသည့် အပိုင်းအလိုက် စနစ်တကျ ဆောင်ရွက်ရန်၊ တူးဖော်ပြီးစီးပါကလည်း ပြည်တွင်း၊ ပြည်ပခရီးသွားများ လွယ်ကူစွာ သိရှိစေရန် ရှေးဟောင်းယဉ်ကျေးမှုနှင့် ပတ်သက်၍ အချက်အလက်များ ထားရှိသွားရန်၊ တူးဖော်ရရှိသည့် ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများကိုလည်း စနစ်တကျ နှစ်အပိုင်းအခြားအလိုက် ဖော်ပြရန် မှာကြားသည်။



အဆိုပါ ကျုံး၊ ကျုံးပတ်လမ်းနှင့် မြို့ရိုးတူးဖော်မှုသည် မြို့အဝင်၊ အထွက် ဂိတ်တံခါး ၂၀ အနက်မှ သိန္ဒိတံခါးအနီးရှိ တံခါးမြို့ရိုးပေါက်အား တူးဖော်နေခြင်းဖြစ်ပြီး တူးဖော်ရရှိသည့် ပစ္စည်းများမှ တိရစ္ဆာန်ခြေရာပါ ရှေးဟောင်းအုတ်ချပ်များ၊ မြေအိုးအပိုင်းအစများ၊ စဉ့်အိုးအပိုင်းအစများ၊ မြေဆေးတံအပိုင်းအစများ၊ မြေထည်ပစ္စည်းအမျိုးမျိုး၊ ဓားအပိုင်းအစများနှင့် မြင်းသံခွာတို့ဖြစ်ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး(၉) ညောင်အင်းမြောက် လဖျော်ရိုးကွင်းအတွင်းရှိ စက်မှုဝန်ကြီးဌာနက ပြန်လည်စွန့်လွှတ်မည့် မြေဧရိယာဧက ၂၂၀ အား သွားရောက်ကြည့်ရှုခဲ့ပြီး ၎င်းမြေနေရာတွင် အဆင့်မြင့်စက်မှုဥယျာဉ်နှင့် မြို့ပြစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# တိုင်းရင်းသားတို့၏အသံ ထင်ဟပ်ပေါ်လွင်လာသည့် ကလေးစာပေပွဲတော်များ

**တိုးတက်သောနိုင်ငံသားတိုင်း စာဖတ်ကြ၍ စာဖတ်သော နိုင်ငံသားတိုင်း တိုးတက်ကြသည်ဟု ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်က ပြောကြားခဲ့သည်။ ကမ္ဘာပေါ်တွင် စာပေဖတ်ရှုသည့် နိုင်ငံ၊ စာဖတ်ချိန်ကို အများဆုံးအသုံးပြုသည့်နိုင်ငံများတွင် အိမ်နီးချင်း တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ထိပ်ဆုံး၌ ရပ်တည်လျက်ရှိသည်ကို အားကျဖွယ်လေ့လာတွေ့ရှိရသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရာတွင် အစိုးရ၏ ဦးဆောင်မှုကောင်းမွန်ရုံသာမက အသိပညာ ဗဟုသုတ ပြည့်ဝသည့် ပြည်သူများလည်း လိုအပ်သည်ဟု မြင်ပါသည်။**

ထက်အံ့လင်း

အသိပညာဗဟုသုတရရှိရန် အဓိက လိုအပ်ချက်မှာ စာပေဖတ်ရှုလေ့လာရန်ပင် ဖြစ်သည်။ စာဖတ်ခြင်းသည် အလေ့အကျင့်ရှိရန်လိုအပ်ပြီး စာပေကို ဖတ်ရှုလေ့လာလိုသည့် အလေ့အထများ ရှိရပါမည်။ ထိုအလေ့အထကို ငယ်ရွယ်စဉ်ကတည်းက လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်သကဲ့သို့ စာပေဖတ်ရှုနိုင်မည့် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးရန် လိုအပ်ပါသည်။

**အလေ့အထကောင်းများ ရရှိစေရန်**

ပြန်ကြားရေးဝန်ကြီးဌာနသည် ရုံးစာကြည့်တိုက်များကို အဆင့်မြှင့်တင်ပေးပြီး ကလေးစာဖတ်ခန်းများကိုလည်း သီးသန့်စီစဉ်ပေးလျက်ရှိသည်။ ကလေးများ စာပေဖတ်ရှုသည့် အလေ့အကျင့်များရရှိစေရန် သင်ကြားပေးနေသည့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများကလည်း ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တို့ပူးပေါင်း၍ ကလေးများ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရာသက်ပန် ပညာရှာမှီးသူများဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန်၊ ပညာဗဟုသုတရော လူရည်လူသွေးပါပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရန် ရည်ရွယ်ချက်များဖြင့် ကလေးစာပေပွဲတော်များကို ၂၀၁၆ ခုနှစ်မှစ၍ နိုင်ငံအနှံ့အပြားတွင် ကျင်းပပေးလျက်ရှိသည်။

ကလေးစာပေပွဲတော်များတွင် ကလေးများ စာပေနှင့်ထိတွေ့မှုရှိစေရန် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ ဉာဏ်ရည်ထက်မြက်စေသည့် စက္ကူခေါက်၊ ဆေးရောင်ခြယ်၊ အရုပ်ဆက်၊ စကားပုံဆက်ကစားနည်းများ၊ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်စေမည့် Team Building ဂိမ်းများ ထည့်သွင်းကျင်းပလျက်ရှိသည်။ စာပေနှင့်နီးစပ်မှုရှိစေရန် စာအုပ်ပြခန်း၊ ကလေးစာဖတ်ခန်းနမူနာ၊ စာအုပ်အရောင်းဆိုင်များ၊ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများကိုလည်း ကျင်းပပေးလျက်ရှိသည်။ ထို့အပြင် အသိပညာဗဟုသုတရရှိစေမည့် ပြခန်းများပါရှိသကဲ့သို့ စိတ်ရွှင်လန်းအပန်းဖြေရန်နှင့် ပျော်ရွှင်မှုရရှိနိုင်မည့် ဖျော်ဖြေရေးအစီအစဉ်များကိုလည်း ထည့်သွင်းကျင်းပပေးလျက်ရှိသည်။

ထိုကဲ့သို့ ကလေးစာပေပွဲတော်များ ကျင်းပခဲ့မှုအနက် ကချင်ပြည်နယ် မြစ်ကြီးနား တက္ကသိုလ်တွင် ကျင်းပခဲ့သည့် ကလေးစာပေပွဲတော်သည် ထူးခြားသည်ဟု ဆိုရပါမည်။ ကလေးစာပေပွဲတော်(မြစ်ကြီးနား) ဖွင့်ပွဲအခမ်းအနားကို မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကြီး၌ကျင်းပရာ မနောမြေမှတေးသံသာ၊ အိုဝမ် ကချင်ရိုးရာသီချင်း၊ ရှမ်းရိုးရာအက၊ ရဝမ်ရိုးရာအက၊ လီဆူရိုးရာအက၊ တိုင်းလုံရိုးရာအကများဖြင့် စတင်ဖွင့်လှစ်ခဲ့ကြပြီး ပွဲတော်ကျင်းပသည့် သုံးရက်လုံးတွင်လည်း ကျောင်းသား ကျောင်းသူလေးများ၏ ဖျော်ဖြေမှုများနှင့်အတူ တိုင်းရင်းသားရိုးရာအကအလှများ ပါဝင်ကပြဖျော်ဖြေခဲ့ကြသည်။ ဘွဲ့နှင်းသဘင်ခန်းမရှေ့ရှိ ဖျော်ဖြေရေးစင်မြင့်၌လည်း လီဆူ၊ ရဝမ်၊ ဇိုင်ဝါး၊ လာချိဒ်၊ တိုင်းလုံ၊ တိုင်းလိုင်နှင့် တိုင်းဆာတိုင်းရင်းသားတို့၏ ရိုးရာအကများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကချင်ပြည်နယ်သို့ ကလေးစာပေပွဲတော်(မြစ်ကြီးနား) ပွဲတော်မကျင်းပမီရောက်ရှိခဲ့စဉ် **“ကလေးစာပေပွဲတော်များတွင် အင်္ဂလိပ်ဘာသာ ပုံပြောပြိုင်ပွဲများ၊ ကဗျာရွတ်ပြိုင်ပွဲများသာမက တိုင်းရင်းသားဘာသာ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲများပါ ထည့်သွင်းကျင်းပစေရန်”** လမ်းညွှန်ခဲ့ပါသည်။ ထိုကဲ့သို့ လမ်းညွှန်မှုနှင့်အညီ တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် တိုင်းရင်းသားများ၏ ကိုယ်ပိုင်စာပေနှင့် ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသားများ၏ ကိုယ်ပိုင်စာပေဖြင့် ရေးဖွဲ့ထားသည့် ကဗျာများ၊ ပုံပြင်များကို အခြားတိုင်းရင်းသားများ သိရှိပြီး ဂုဏ်ယူမြတ်နိုးတန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ တိုင်းရင်းသားဘာသာစကားများဖြင့် ရေးဖွဲ့ထားသည့် ပုံပြင်နှင့် ကဗျာပြိုင်ပွဲများကို ထည့်သွင်းကျင်းပခဲ့ခြင်း ဖြစ်သည်။

ပွဲတော်၏ ပထမနေ့ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ဂျိန်းဖော၊ ရဝမ်၊ လီဆူ၊ ဇိုင်ဝါး၊ လော်ဝေါ်၊ တိုင်းလုံ၊ တိုင်းဆာနှင့် တိုင်းလိုင် တိုင်းရင်းသားကျောင်းသား ကျောင်းသူများက တိုင်းရင်းသားဘာသာစကားဖြင့် ကဗျာရွတ်ဆိုပြီး မြန်မာဘာသာဖြင့်ပြန်ဆိုခဲ့ရာ ပြိုင်ပွဲဝင် တိုင်းရင်းသားသာမက ကျန်တိုင်းရင်းသားများပါ ဗဟုသုတတိုးပွားစေလျက် ဝမ်းသာပီတိဖြစ်ကြသည်။

**တိုင်းရင်းသားစကားဖလှယ်**

ထို့အတူ ပွဲတော်၏ဒုတိယနေ့ ပုံပြောပြိုင်ပွဲတွင် လီဆူ၊ ဂျိန်းဖော၊ လာချိဒ်၊ ရဝမ်၊ လော်ဝေါ်၊ တိုင်းဆာ၊ တိုင်းလိုင်၊ တိုင်းလုံ၊ ဇိုင်ဝါး တိုင်းရင်းသား ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားဘာသာစကားဖြင့် ပုံပြောကြပြီး မြန်မာဘာသာဖြင့် ပြန်ဆိုခဲ့ရာ စိတ်ပါဝင်စားစွာ ကြည့်ရှုသူများပြားခဲ့သည်။

အဆိုပါ ပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်ခဲ့သူများနှင့်တွေ့ဆုံခဲ့ရာ “ကျွန်မ ဒီနေ့ ပုံပြောပြိုင်ပွဲမှာ ဂျိန်းဖောဘာသာဆိုရင် **ချဂရောန်ထဲ့ ဆဂူးကရှာအလမ်** လို့ခေါ်ပြီး မြန်မာဘာသာနဲ့ဆိုရင် **ဝံပုလွေနဲ့ သိုးကလေး** ဆိုတဲ့ပုံပြင်ကို လာရောက်ယှဉ်ပြိုင်တာပါ။ ဒီလိုပါဝင်ခွင့်ရတဲ့အတွက် ဂျိန်းဖောဘာသာစကားကို အခြားတိုင်းရင်းသားတွေ သိစေချင်တယ်။ အခြားသော တိုင်းရင်းသား သူငယ်ချင်းတွေရဲ့ပုံပြင်တွေကိုလည်း သိရတဲ့အတွက် ပျော်ပါတယ်”ဟု မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ဂျိန်းဖောတိုင်းရင်းသူလေး မဂျာနောင်ဆိုင်းက ပြောသည်။

**ကလေးများ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရာသက်ပန် ပညာရှာမှီးသူများဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန်၊ ပညာဗဟုသုတရော လူရည်လူသွေးပါ ပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရန် ရည်ရွယ်ချက်များဖြင့် ကလေးစာပေပွဲတော်များကို ၂၀၁၆ ခုနှစ်မှစ၍ နိုင်ငံ အနှံ့အပြားတွင် ကျင်းပပေးလျက်ရှိ**

ရဝမ်တိုင်းရင်းသားဘာသာဖြင့် ပုံပြောပြိုင်ပွဲပါဝင်ယှဉ်ပြိုင်ခဲ့သည့် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှ ချန်းဒေးဇစ်ဆန်းလွင်က “ဒီလိုမျိုး အခြားတိုင်းရင်းသားသူငယ်ချင်းတွေ အများကြီးရှိတဲ့နေရာမှာ တစ်ခါမှ မပြောဖူးဘူး။ ဘုရားကျောင်းမှာတော့ သီချင်းဆိုဖြစ်တယ်။ အခုလိုမျိုးပြောတာက ပထမဆုံးပြောဖူးတာဆိုတော့ စိတ်လှုပ်ရှားသလို ပျော်လည်းပျော်တယ်။ ပုံပြင် ဆိုပေမယ့် ကျွန်တော့်စိတ်ထဲမှာ ကိုယ့်ရဲ့ရဝမ်လူမျိုးတွေ ကိုယ်စားပြောနေရသလို ခံစားရပါတယ်။ နောင်လည်း ဒီလိုမျိုး လုပ်ပေးစေချင်တယ်” ဟု ပြောခဲ့သည်။

ထို့အတူပင် တိုင်းလုံတိုင်းရင်းသားလေး စိုင်းမြင့်ဦးက “ကျွန်တော်က တိုင်းလုံဘာသာနဲ့ ပြောတယ်။ သူငယ်ချင်း နန်းဆိုင်းမိုင်က မြန်မာလိုပြောတယ်။ ကျွန်တော်တို့ပြောတဲ့ ပုံပြင်က တိုင်းလုံဘာသာနဲ့ **လင်းတောင်းလိမ်** လို့ခေါ်ပြီး မြန်မာဘာသာကျတော့ **လကိုဆယ်သောမျောက်** ဆိုတဲ့ ပုံပြင်ကို ပြောပြကြတယ်။ ပုံပြောပြီးတော့ ကျွန်တော့်အဖေနဲ့ သူငယ်ချင်းတွေနဲ့ တခြားနေရာတွေကို လေ့လာကြတယ်။ ကျွန်တော်တို့က ဒီလိုမျိုးမကြုံဖူးတော့ ဝမ်းသာတယ်။ နောင်နှစ်တွေမှာလည်း လုပ်ဖြစ်ရင် ကဗျာရော၊ ပုံပြင်ရော ဝင်ပြိုင်မယ်”ဟု ပြောသည်။

ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် တိုင်းရင်းသား ကျောင်းသား ကျောင်းသူများ၏ ရင်ခုန်စိတ်လှုပ်ရှားဖွယ် စကားသံများသာမက အုပ်ချုပ်သူဆရာမ ဒေါ်ဂျာမိုင်က “ကလေးစာပေပွဲတော်မှာ တိုင်းရင်းသားဘာသာစကားနဲ့ ပုံပြင်၊ ကဗျာတွေပါဝင်ပြောလို့ရတယ် လို့ သိရပါတယ်။ ကျောင်းမှာလည်း Grade 1 မှ Grade 4 အထိ သင်တာရှိပါတယ်။ အဲဒါနဲ့ ကလေးတွေက ပုံပြင်ပြောပါဝင်ချင်တယ် ဆိုတာနဲ့ ဒီနေ့ ကလေးတွေကို လိုက်ပို့တာပါ။ ကလေးတွေက ဒီလိုပါဝင်ခွင့်ရတဲ့အတွက် ပျော်ကြတယ်။ ကလေးတွေပျော်တော့ ကျွန်မဆီလည်း ကူးစက်ပြီးပျော်ပါတယ်။ ကလေးတွေ အနေနဲ့ ပုံပြောလာပြိုင်ရုံတင်မဟုတ်ဘဲ အခြားသော တိုင်းရင်းသားဘာသာစကားနဲ့ ပုံပြင်တွေကို လေ့လာခွင့်ရတဲ့အတွက် ဗဟုသုတတွေ ရရှိခဲ့ပါတယ်”ဟု ပီတိစကား ပြောဆိုခဲ့သည်။

**ဗဟုသုတတိုးပွားစေ**

ထို့အပြင် ပွဲတော်၌ အသိပညာပေးပြခန်းပေါင်း ၃၆ ခန်း ခင်းကျင်းပြသခဲ့ရာတွင် ဂျိန်းဖော၊ လာချိဒ်၊ လော်ဝေါ်၊ ဇိုင်ဝါး၊ လီဆူ၊ ရဝမ်၊ တိုင်းလုံ၊ တိုင်းလေ၊ တိုင်းလိုင်၊ တိုင်းဆာ၊ တိုင်းခမ်းတီ စသည့် တိုင်းရင်းသားများ၏ စာပေနှင့် ရိုးရာယဉ်ကျေးမှုပြခန်း ၁၁ ခန်းကိုလည်း ပါဝင်ပြသနိုင်ခဲ့ပါသည်။ အဆိုပါ ပြခန်းများတွင် တိုင်းရင်းသားစာပေများ၊ ပေ၊ ပုရပိုက်များ၊ ရိုးရာဝတ်စုံများ၊ အသုံးအဆောင်ပစ္စည်းများ၊ အထိမ်းအမှတ်ပစ္စည်းများကို ခင်းကျင်းပြသထားသဖြင့် စိတ်ဝင်တစား ကြည့်ရှုလေ့လာသူများ၊ မေးမြန်းဆွေးနွေးသူများကို ပြခန်းတာဝန်ခံများက စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြခဲ့ကြသဖြင့် တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုပစ္စည်းများအကြောင်းသိရ၍ ပရိသတ်များအတွက် ဗဟုသုတတိုးပွားစေခဲ့သည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ကျင်းပခဲ့သည့် ကလေးစာပေပွဲတော်တွင် တိုင်းရင်းသားတို့၏ ကဏ္ဍစုံပူးပေါင်းပါဝင်မှုကြောင့် ရောင်စုံပန်းခင်းသဖွယ် လှချင်တိုင်းလှနေသည်ကို ကြည်နူးဖွယ်ရာ မြင်ခဲ့ရပါသည်။

ထို့အတူ ကလေးစာပေပွဲတော်(ပူတာအို)ကို မတ်လ ၁၈ ရက်နေ့မှ ၁၉ ရက်နေ့အထိ မြန်မာနိုင်ငံမြောက်ဖျားရှိပူတာအိုမြို့တွင် ကျင်းပတော့မည်ဖြစ်ရာ ဒေသခံ ရဝမ်၊ ဂျိန်းဖော၊ လီဆူ၊ ရှမ်းတိုင်းရင်းသားတို့၏ အကအလှဖျော်ဖြေမှုများနှင့်အတူ တိုင်းရင်းသားဘာသာများဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲများလည်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ပဲခူးတက္ကသိုလ်၌ မတ်လ ၂၈ ရက်နေ့မှ ၃၀ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် ကလေးစာပေပွဲတော်(ပဲခူး)တွင်လည်း ဒေသခံတိုင်းရင်းသားများဖြစ်သည့် ကရင်၊ မွန်၊ အရှိုချင်း၊ ပအိုဝ်း၊ ရှမ်း၊ ကယားတို့၏ အကအလှများ၊ တိုင်းရင်းသားဘာသာဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲများ ထည့်သွင်းကျင်းပပေးရန် စီစဉ်ဆောင်ရွက်နေကြောင်း ထပ်မံသိရှိရပါသည်။

**ပင်ချင်းခက်၍ နွယ်ချင်းယှက်**

ထိုကဲ့သို့ နိုင်ငံတစ်ဝန်းတွင် အရှိန်အဟုန်ဖြင့် ကျင်းပလာသည့် ကလေးစာပေပွဲတော်များတွင် စာအုပ်စာပေပြပွဲနှင့် စာအုပ်ပြခန်း၊ နည်းပညာမိတ်ဆက်၊ ဉာဏ်စမ်းပဟေဠိနှင့် ကလေးကစားနည်း၊ စုပေါင်းကစားနည်းများ စုံလင်စွာပါဝင်လာမှုနှင့်အတူ တိုင်းရင်းသားတို့၏ အကအလှများ၊ ကဗျာရွတ်ဆိုသံများ၊ ပုံပြင်ပြောဆိုမှုများ၊ စာပေနှင့်ရိုးရာယဉ်ကျေးမှုဆိုင်ရာပြခန်းများဖြင့် ထပ်မံဖြည့်စွက်ဆောင်ရွက်လာမှုကြောင့် **“ပင်ချင်းခက်၍ နွယ်ချင်းယှက်”** ဆိုသကဲ့သို့ တိုင်းရင်းသား **ပြည်သူတစ်ရပ်လုံး ဆက်နွယ်ပါဝင်လာပြီး “တိုင်းရင်းသားတို့၏အသံများ ထင်ဟပ်ပေါ်လွင်လာသော ကလေးစာပေပွဲတော်များ”** ဟု ကျူးရင့်မိပါသတည်း။ ။




ကလေးစာပေပွဲတော် (မြစ်ကြီးနား)တွင် တိုင်းရင်းသား တိုင်းရင်းသူများက စုပေါင်းအကဖြင့် ဖျော်ဖြေနေမှုကို တွေ့ရစဉ်။




ကလေးစာပေပွဲတော် (မြစ်ကြီးနား)တွင် ရဝမ်ဘာသာဖြင့် ပုံပြောပြိုင်ပွဲ ယှဉ်ပြိုင်နေစဉ်။


ALPINE
TipTop အချိုရည်
အမောပြေသောက်ရင်း
ကံစမ်းလိုက်ကြရအောင်!
ဆုမဲ
ကျပ်သိန်းပေါင်း
တစ်သောင်း
ပါရှိပါသည်။
သိန်းတစ်ရာဆု (၆၀)ဆု
ဆယ်သိန်းဆု (၁၀၀)ဆု
တစ်သိန်းဆု (၁၀၀၀)ဆု
တစ်သောင်းဆု
တစ်ထောင်ဆု
ကျပ်ငါးရာဆု
ကျပ်နှစ်ရာဆု
1 Bottle Free
ကျပ်တစ်သိန်းနှင့် အထက် ဆုမဲများကို အောက်ဖော်ပြပါ Hotline ဖုန်းနံပါတ် များနှင့် ဆက်သွယ်ထုတ်ယူနိုင်ပြီး ကျန်ဆုမဲများကို နီးစပ်ရာဆိုင်များတွင် ချက်ချင်း လဲလှယ်ထုတ်ယူနိုင်ပါသည်။
Tel:09-443370334,09-443370336
ALPINE
TipTop
SOFT DRINK
with
ORANGE
ALPINE
TipTop
SOFT DRINK
with
NEY LIME
FLAVOUR
ကံစမ်းမဲကာလ-၁-၃-၂၀၁၉ မှ ၃၁-၈-၂၀၁၉ အထိ





**ဟိန်းစိုး** 09 68 1400 922, 44 7700 170

**Asia Dragon**

01 707062, 09 300 300 30, 09 799 100 100

**တော်ဝင်မြို့မ** 0942421 5558, 09424215557

**တက်လှ Travel...** 09-254855582, 09-254855583

April 12

**စမ္မတော့ကျော်** 09-5194608, 09-73177727, 09-443177727

**ပီတိသုံးခ** Travel & Tour Mar-26, April-12

**မအိ** မြတ်မော်တင်အထူးစရိုးစဉ်

* (March -15,19)

* (March -29)

**တော တောင် ခြောက် ခန်း လယ် ယာ နွမ်း ဇ၏**

**တက်နေဝန်း**

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း

(10'/14')Box ကားများဖြင့်

လုပ်သားအပြီးအစီး

ဝန်ဆောင်မှုပေးသည်။

09-442076599

09-400448695

09-33100721

**ရောင်ခြည်ထိပ်**

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း

10',14',15' ကားများဖြင့်

လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး

ဝန်ဆောင်မှုပေးသည်။

Ph:09-450454771

09-450454772

09-450454773

**မင်္ဂလာပါ**

အိမ်ပြောင်း။အိမ်ရွှေ့လုပ်ငန်း

မြို့တွင်း/နယ်ဝေးများအတွက်

ဈေးနှုန်းချိုသာစွာဖြင့်

Box ကားမျိုးစုံဖြင့်

အလုပ်သမားစီစဉ်ပေးသည်။

09-450042704

09-250095116

09-420096296


## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## မြန်မာ့မီးရထား

## လေလံခေါ်ယူခြင်း

၁။ မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)ရှိ Gas Cutting Mild Steel Scrap နှင့် Coil Spring Scrap တန်ချိန်စုစုပေါင်း (၅၀၀)ကို လေလံစနစ်ဖြင့် အောက်ပါအတိုင်း ရောင်းချမည်ဖြစ်ပါသည်-

(က) လေလံပုံစံရောင်းချမည့်ရက် - ၈-၃-၂၀၁၉ မှ ၈-၄-၂၀၁၉ ထိ

(ခ) လေလံပုံစံရောင်းချမည့်နေရာ - အထွေထွေမန်နေဂျာ (အထက်မြန်မာပြည်)ရုံး၊ မန္တလေးဘူတာကြီး(တတိယ)ထပ် နှင့် အထွေထွေမန်နေဂျာ(စက်ရုံ/မြစ်ငယ်)ရုံး၊ မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံ

(ဂ) လေလံဖွင့်လှစ်မည့်နေရာ - မန္တလေးဘူတာကြီး၊ (မြေညီထပ်)၊ ညှော်ခန်းမဆောင်(၂)

(ဃ) လေလံယှဉ်ပြိုင်ကြေးပေးသွင်းခြင်း- ၉-၄-၂၀၁၉ (၉း၀၀) နာရီမှ (၁၂း၀၀) နာရီထိ အထွေထွေမန်နေဂျာ (အထက်မြန်မာပြည်)ရုံး၊ မန္တလေးဘူတာကြီး (တတိယ)ထပ်

(င) လေလံဖွင့်လှစ်မည့်နေ့ရက်/အချိန်- ၉-၄-၂၀၁၉ ရက်(အင်္ဂါနေ့) (၁၃း၀၀) နာရီ

၂။ လေလံပုံစံများကို ဖော်ပြပါ ဌာနများတွင် ၈-၃-၂၀၁၉ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**

**ဖုန်း-၀၂-၄၀၃၅၈၂၉၊ ၀၂-၄၀၃၅၁၇၂၊ ၀၂-၅၅၀၅၁**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်"

"ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ သရဖီ(၅) လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄) မြေကွက်အမှတ် (၄၁၆) ဧရိယာ(၀. ၀၅၇ ဧက)ရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့်ယင်းမြေကွက်ပေါ် ရှိအကျိုးခံစားခွင့် အရပ်ရပ်"တို့ကို မြို့မြေစာရင်းတွင် တရားဝင် အမည်ပေါက် လက်ရှိထားပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ နှစ်(၆၀) ဂရန်မူရင်း၊ ပြသ၍ရောင်းချသူ ဒေါ်မေဝင်းမောင်(၁၂/ဗတထ (နိုင်)၀၂၃၉၂၆) ကိုင်ဆောင်သူထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ဆိုင်ခွင့်အရကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်၊ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်မှုမရှိပါကလွှဲပြောင်းဝယ်ယူသည့် ကိစ္စကိုနစ်နာကြေးသဘောတူညီချက်များအတိုင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြော်ငြာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ် သက်ထားဆွေ LL.B ,D.I.L ,Dip in Eng**

**အထက်တန်းရှေ့နေ (စဉ်-၄၂၈၉၉)**

အမှတ်(၃၉) ၄လွှာ ၊ မာလာမြိုင်(၇)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ၀၉-၉၇၂၇၃၄၉၉၉၆ ၊၀၉-၇၉၀၄၅၄၅၃၁

## ပျောက်ဆုံးကြောင်း

HTOO KO KO CO.,LTD အမည်ဖြင့် တင်သွင်းထားသော မော်တော်ကားနှင့်ပတ်သက်သည့်အကောက်ခွန်ဦးစီးဌာန၏ ID No.100060130700 မူရင်းစာရွက်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၇၇၀၀၉၁၅**

## "အများသိစေရန် ကြော်ငြာခြင်း"

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်လှလှဝင်း (၁၂/ဥကတ(နိုင်) ၀၅၁၅၂၇)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြော်ငြာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်း (၃၈)ရပ်ကွက်၊ ... မြေကွက်အမှတ်(၂၈၄/ခ)တွင် ... (၂၀ × ၆၀)ပေ ... နှစ်(၆၀)ဂရန်အမည်ပေါက် ... အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၃၀)

LLB, D.M.L, D.I.L, D.I.R, B.DS (MOFA)

## သွေးသည် အသက်

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(တ/၄၁)၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၉၈၇/ခ)၊ အကျယ်အဝန်း(၂၀)ပေ×(၆၀)ပေ၊ ဦးကျော်မင်းအမည်ပေါက် မြေချပါမစ်ဖြစ်ပြီး ယခုဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးပိုင်ဆိုင်သည်ဟုဆိုသူ ဦးမင်းအောင်[၉/ညဥန(နိုင်)၁၅၁၃၀၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်ခွင့်ရှိသူများသည် ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**

**ဦးထွန်းထွန်းဦး (LL.B)** (စဉ်-၁၄၃၇၆)

**ဦးမြင့်ဇော်ဦး(LL.B)** (စဉ်-၁၄၄၁၀)

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၇၁၅)၊ ညောင်ဦးဖီးလမ်း၊ (၂)ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်**

**Ph:09-420307568,09-794744866**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၁/ထူးရုံ)ရပ်ကွက်၊ ထူးရုံ(ခ)လမ်း (အရှေ့) အမှတ်(၁၃၁၆/က)တွင်တည်ရှိသော အကျယ်အဝန်း(၂၀ × ၆၀)ပေ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေ အမည်ပေါက် ... ကန့်ကွက်လိုပါက ... ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ -

**ဦးမြတ်မင်းသိန်း(LL.B)** တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၀၁)

**ဒေါ်သက်သက်ဆွေ(LL.B)** အထက်တန်းရှေ့နေ(စဉ်-၄၆၀၁၄)

Phone - 0973099026, 0973000531, 09968245586, 09968245587.

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဗိုလ်မှူးချစ်ပိုင် (ငြိမ်း)

**OTS-29**

**မော်လိုက်မြို့**

**အသက် (၈၆) နှစ်**

ရန်ကုန်မြို့ ကြည့်မြင်တိုင်ကမ်းနားလမ်း၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊ တိုက်(စီ-၉)၊ အခန်း(၂၀၁)နေ (ဦးဒင်-ဒေါ်ငွေဆင့်)တို့၏သား၊ (ဦးဘဦး-ဒေါ်ခင်တင့်)တို့၏ သားသမက်၊ ရန်ကုန်တက္ကသိုလ်မြန်မာစာဌာန၊ ပါမောက္ခဌာနမှူး(ငြိမ်း) ဒေါက်တာဒေါ်ပို၏ခင်ပွန်း၊ ဒေါက်တာယဉ်မင်းပိုင်-ဦးအောင်သူ၊ မမေသံစဉ်ထွန်း-ဇတ်ရပ်ကာတို့၏ဖခင်၊ မမေသီရိကျော် (USA University of West Florida)၏ချစ်လှစွာသောအဘိုး ဗိုလ်မှူးချစ်ပိုင်(ငြိမ်း)သည် ၅-၃-၂၀၁၉ (အင်္ဂါနေ့) နံနက် ၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၉ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမြင့်သိန်း (ခ) ဦးဖိုးအော်

**အသက် (၇၈) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဒရယ်ဘိုကျေးရွာအနောက်ပိုင်းနေ (ဦးစိုးမောင်-ဒေါ်ကျင်စိန်)တို့၏သား၊ ဦးအေးမင်းသိန်း-ဒေါ်စုစုလှိုင်တို့၏ ချစ်လှစွာသောမွေးသဖခင်၊ မောင်ထက်အောင်လှိုင်၊ မောင်အောင်ခန့်ဘုန်း၊ မဖြတ်သီရိမောင်တို့၏အဘိုး၊ ဒေါ်နွဲ့နွဲ့ဝင်း၏ခင်ပွန်း ဦးမြင့်သိန်း(ခ)ဦးဖိုးအော်သည် ၆-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ဒရယ်ဘိုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၃-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ဦးအေးမင်းသိန်း၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ကေသီဘကြွယ်

**အထက(၂) သာကေတ၊ JAT-ငြိမ်း**

**အသက် (၆၉) နှစ်**

ရန်ကုန်မြို့ သာကေတမြို့နယ်၊ (၂/တောင်)ရပ်ကွက်၊ မာန်ပြေ(၄)လမ်းအနောက်၊ အမှတ်(၁၀၁၀)နေ ကိုစိုးဝင်း-မနိုင်နိုင်ဝင်း၊ ကိုဝင်းထွဋ်မိုး-မအိအိဝင်း၊ ကိုတင်ထွန်းဝင်း-မငွေငွေတို့၏မွေးသမိခင်ကျေးဇူးရှင်၊ မောင်ဟိန်းထက်၊ မောင်စိုပြေလင်းသန့်တို့၏ ချစ်လှစွာသောအဘွား၊ ဦးစံဝင်း၏ဇနီးသည် ၆-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ကြည်စုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၃-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့ သာကေတမြို့နယ်၊ (၂/တောင်)ရပ်ကွက်၊ မာန်ပြေ (၄)လမ်းအနောက်၊ အမှတ် (၁၀၁၀) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုမျိုးမင်းအောင်

**ကောင်းပြည့်စုံ စားဖွယ်စုံ**

**(ရေစကြိုမြို့)**

**အသက် (၄၆) နှစ်**

ရေစကြိုမြို့ ဖောင်တော်ဦးရပ်နေ (ဦးပါ-ဒေါ်အောင်မေခင်)တို့၏သား၊ ကိုကျော်လွင်ဦး-မစန်းနွဲ့၊ (ကိုနိုင်တိုး)-မနွယ်နွယ်လွင်၊ ကိုစန်းညွန့်-မငုဝါလွင်တို့၏ မောင်၊ ကိုကျော်သူဝင်း-မသက်နွယ်အောင်တို့၏အစ်ကို၊ ရန်ကုန်မြို့ သာကေတမြို့နယ်၊ ရတနာလမ်း၊ တက်လမ်းအိမ်ရာ၊ တိုက်(၈)၊ အခန်း(၀၀၁)နေ ကိုမျိုးမင်းအောင် သည် ၄-၃-၂၀၁၉ ရက် ည ၈း၁၀ နာရီတွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ဒဂုံဆိပ်ကမ်းမြို့နယ်၊ ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်လှအေး (မိတ္ထီလာမြို့)

**အသက် (၇၀)**

မိတ္ထီလာမြို့ အောင်ဇေယျာနယ်မြေ(၁၆)၊ အောင်သုခရပ်ကွက်နေ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ဒုတိယဗိုလ်မှူးကြီး ဝင်းမြတ်ဦး (ဌာနမှူး၊ ရောဂါဗေဒဌာန)၏မိခင် ဒေါ်လှအေး အသက် (၇၀) သည် ၁-၃-၂၀၁၉ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရောဂါဗေဒဆရာဝန်များအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာကက်သရင်းဗသိုက်

**Retired Scientist (W.H.O , Headquarters ,Geneva)**

**အသက် (၆၉) နှစ်**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ မဥ္ဇူလမ်း၊ ပါရမီရိပ်သာ၊ အမှတ်(၁၉)နေ ပါမောက္ခ ဒေါက်တာဦးရဲမြ (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆရာဝန်အသင်း-ဗဟို)၏ဇနီး ဒေါက်တာကက်သရင်းဗသိုက်သည် ၂၇-၂-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရောဂါဗေဒဆရာဝန်များအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးဉာဏ်ထွန်း (ခ) Simon Winthein

**အ.ထ.က(၁)၊ ဒဂုံကျောင်းသားဟောင်း**

**အသက် (၅၅) နှစ်**

သူငယ်ချင်း ဉာဏ်ထွန်းရေ ငါတို့အားလုံးနဲ့ စောစောစီးစီးခွဲခွာသွားတဲ့အတွက် အန်ကယ်ဦးဝင်းသိန်းနှင့် ဆရာမဒေါ်ခင်သိန်းချစ်(ဒဂုံ-၁)၊ မလင်ဒါနှင့် သမီးနှစ်ယောက်တို့နဲ့ထပ်တူ ဝမ်းနည်းကြေကွဲရပါတယ်။ နင်စီစဉ်တဲ့ ပေလီခရီးစဉ်ကို နင်မပါဘဲ သွားခဲ့ရပေမယ့် နင့်ကို ငါတို့ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး။

**ရင်နှင့်အမျှ**

**ဒဂုံ(၁)မှ ငယ်သူငယ်ချင်းများ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စိန်မြင့်

**အသက် (၉၄) နှစ်**

ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ ညောင်တပင်လမ်း၊ အမှတ်(၆၁၉)နေ ဦးစိုးမြင့်(MARINE SHIPPING CO., LTD)-ဒေါ်ခင်မာကြူ၊ (ဦးလွမ်းကြည်)-ဒေါ်မြင့်မြင့်ဦးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွား ဒေါ်စိန်မြင့်သည် ၆-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၉ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒုတိယဗိုလ်မှူးကြီးမြတ်စိုး (ငြိမ်း)

**ကြည်း/၇၁၅၃၊ စည်သူ ၁၄**

**အသက် (၈၆) နှစ်**

ဦးမောင်တင်-ဒေါ်နွဲ့တို့၏သား၊ ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ (၁၂)လမ်း၊ အမှတ်(၁၇)နေ ဒေါ်ခင်မြိုင်၏ ခင်ပွန်း၊ ဗိုလ်မှူးဉာဏ်ဝင်း(ငြိမ်း)-ဒေါ်သန္တာဆွေ (ဟိုတယ်/ခရီး-ငြိမ်း)တို့၏ ဖခင်၊ ကိုထွန်းနေအောင်-မအိမြတ်သူဇာ၊ ဒေါက်တာအေးချမ်းမိုး(သရုပ်ပြ၊ မကွေးဆေးတက္ကသိုလ်)၊ မကြည်ဖြူစင် (ဧည့်လမ်းညွှန်)တို့၏ အဘိုး၊ မစံလမင်း၏ဘိုးဘိုးကြီး ဒုတိယဗိုလ်မှူးကြီးမြတ်စိုး(ငြိမ်း)သည် ၅-၃-၂၀၁၉ ရက် ညနေ ၆း၄၀ နာရီတွင် အမှတ်(၂) တပ်မတော်စစ်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၉ ရက် နံနက် ၁၁း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၃-၂၀၁၉ (တနင်္လာနေ့) နံနက် ၇း၃၀ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးသန်းထွန်း

**ကျန်းမာရေးမှူး (ငြိမ်း)**

**အသက် (၈၅) နှစ်**

ဟုမ္မလင်းမြို့ ဗေဒါလမ်းနေ (ဦးဘဆန်း-ဒေါ်ရှိ)တို့၏သားကြီး၊ မုံရွာမြို့ ကူးတို့မြောက်ရပ်၊ ချင်းတွင်းပုံနှိပ်တိုက်လမ်းနေ (ဒေါ်စိန်နွဲ့)၊ ဒေါ်သန်းမြတို့၏ခင်ပွန်း၊ ဦးဝင်းနိုင်ထွန်း-ဒေါ်ကက်စီ၊ ဦးထွန်းထွန်း-ဒေါ်ရွှေဝါထွန်း၊ ဦးအောင်နိုင်ထွေး-ဒေါ်ဝင်းမာထွန်း၊ ဦးအောင်နိုင်ထွန်း-ဒေါ်မျိုးမျိုး၊ ဦးရန်နိုင်ထွန်း-ဒေါ်ဇာကြည်အိအိသိန်း၊ ဦးညီညီလွင်-ဒေါ်ဥမ္မာထွန်း၊ ဦးမင်းနိုင်ထွန်း-ဒေါ်တင်မိုးထွေး၊ ဦးစိုးနိုင်ထွန်းတို့၏ဖခင်၊ မြေး ၁၄ ယောက်၊ မြစ် တစ်ယောက်တို့၏အဘိုး ဦးသန်းထွန်းသည် ၆-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၉ (သောကြာနေ့) ညနေ ၃ နာရီတွင် နေအိမ်မှ မုံရွာမြို့ ဆားကျင်းသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်မောင်ဦး

**ယခင်ဌာနမှူး၊ မြို့ပြအင်ဂျင်နီယာဌာန၊ အင်းစိန်စက်မှုသိပ္ပံ**

**Sr.Education Specialist (Retd, Asian Development Bank)**

**အသက် (၈၄) နှစ်**

ကနေဒါနိုင်ငံ၊ Toronto မြို့နေ (အရေးပိုင်ဦးလှတင်-ဒေါ်ခင်မလေး)တို့၏ သား၊ (ဒေါ်တင်မမ)၊ (ဦးတင်မောင်မြင့်)၊ (Dr.တင်ကြည်ကြည်-ဦးမောင်မောင်)၊ (ဗိုလ်မှူးဒေါ်ခင်မေတင်)တို့၏မောင်၊ ဒေါ်တင်တင်အုံး-Dr.ဖေဝင်းတို့၏ အစ်ကို၊ ဗိုလ်ကြီးဒေါ်မေအုံးသွင်၏ခင်ပွန်း၊ ဦးအောင်နိုင်ဦး၊ ဒေါ်မာလာဦး၊ ဦးမျိုးနိုင်ဦး-မေ၊ ဦးရဲနိုင်ဦးတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၂၅-၂-၂၀၁၉ (တနင်္လာနေ့) တွင် ကနေဒါနိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၉ (သောကြာနေ့)တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဦးအောင်သန်းမြင့်

**အသက် (၆၉) နှစ်**

ရွှေတောင်မြို့ ဒုရင်ဒုဘိုကျေးရွာနေ (ဦးစိန်ဘိုး-ဒေါ်ခင်စိန်)တို့၏သားလတ်၊ (ဦးရဲမြင့်)၏ညီ၊ ဦးကြူဝမ်းမြင့်-ဒေါ်ဖြူဖြူလွင်၊ ဦးနေဝင်းမြင့်၊ မနွယ်နွယ်မြင့်တို့၏အစ်ကို၊ (ဦးညွန့်လွင်-ဒေါ်ထွေးကြည်)တို့၏ သားသမက်၊ ဦးလွင်ကြည်ဦး-ဒေါ်စန်းသီတာ၊ ဦးသန်းလွင်ဦး-ဒေါ်သက်သက်ဦး၊ ဦးဝင်းခိုင်-ဒေါ်ယဉ်ယဉ်မြတ်၊ ဦးကျော်ကျော်-ဒေါ်သီတာတို့၏ ညီ/မောင်၊ မမေသော်သော်ဟန်၊ မသဲစုအောင်၊ မဆုနေခြည်တို့၏ ချစ်လှစွာသောမွေးသဖခင်၊ ဒေါ်ဝင်းဥမ္မာ၏ခင်ပွန်းသည် ၆-၃-၂၀၁၉ ရက် နံနက် ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## လ-၁၄၄၂၁၁ ရဲအုပ်ကျော်ကျော်လွင်

**မှူခင်းရဲတပ်ဖွဲ့**

**အသက် (၅၀)**

ရဲအုပ် ကျော်ကျော်လွင် (မှုခင်းရဲတပ်ဖွဲ့)သည် ၅-၃-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မှုခင်းရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ**

## အနိစ္စ

**မြိတ်မြို့နယ်အသင်း (ရန်ကုန်)**

## ဒေါ်သင်းဝါ (မြိတ်)

**အသင်းဝင်အမှတ်(၂၈၆၂)**

**အသက် (၈၃) နှစ်**

မြိတ်မြို့ ဆိပ်ငယ်ရပ်၊ ဗိုလ်ချုပ်လမ်းနေ (ဦးဘစိန်)၏ ဇနီး၊ ဒေါ်တင်တင်ချို (အသင်းဝင်အမှတ်-၂၈၆၃)၊ ဒေါ်ညွန့်ညွန့်ဝေ(အသင်းဝင်အမှတ်-၂၈၆၄)၊ ဒေါ်ငြိမ်းခိုင်အေး (အသင်းဝင်အမှတ်-၂၈၆၅)တို့၏ မိခင်သည် ၄-၃-၂၀၁၉ ရက် ဒေသစံတော်ချိန် ည ၇း၅၇ နာရီတွင် အမေရိကန်နိုင်ငံ၊ လော့အိန်ဂျလိစ်မြို့၌ ကွယ်လွန်သွားပါကြောင်း။ အမှုဆောင်အဖွဲ့

---

## ဒေါ်သင်းဝါ (မြိတ်မြို့)

**အသက်(၈၃)နှစ်**

မြိတ်မြို့ ဆိပ်ငယ်ရပ်၊ ဗိုလ်ချုပ်လမ်းနေ (ဦးအင်ကြည်-ဒေါ်ထွန်းအင်)တို့၏ သမီးကြီး၊ မြိတ်မြို့ ထားဝယ်စုရပ်၊ ဗိုလ်ချုပ်လမ်းနေ (ဦးတင်ကီ-ဒေါ်မြထူး)တို့၏ သမီးချွေးမ၊ (ဦးဘစိန်)၏ဇနီး၊ ဒေါ်ကြည်တင်-ဦးဘလွင်၊ ဒေါ်လှမေ-ဦးမောင်သောင်း၊ ဒေါ်သိန်းသိန်းရှင်-ဦးစန်းမောင်၊ ဒေါ်ဝင်းဝင်းအုန်း-ဦးတင်ဝင်း၊ (ဦးရှင်စိုင်)-ဒေါ်ရီရီမြင့်၊ ဒေါ်ထွေးထွေးရီ-ဦးဘွန်ကြည်၊ (ဒေါ်မြင့်စီ)-ဦးမြင့်ဖေ၊ ဒေါ်ဂင်စီ-ဦးအောင်ကျော်ဦးတို့၏ အစ်မကြီး ဒေါ်သင်းဝါသည် ၄-၃-၂၀၁၉ ရက် ဒေသစံတော်ချိန် ည ၇း၅၇ နာရီတွင် အမေရိကန်နိုင်ငံ လော့အိမ်ဂျလစ်မြို့၌ ကွယ်လွန်သွားပါသည်။

ကျန်ရစ်သူ ညီမများ

---

## ဒေါ်သင်းဝါ (မြိတ်မြို့)

**အသက်(၈၃)နှစ်**

မြိတ်မြို့ ဆိပ်ငယ်ရပ်၊ ဗိုလ်ချုပ်လမ်းနေ (ဦးအင်ကြည် -ဒေါ်ထွန်းအင်) တို့၏ သမီးကြီး၊ မြိတ်မြို့ ထားဝယ်စု ဗိုလ်ချုပ်လမ်းနေ (ဦးတင်ကီ-ဒေါ်မြထူး)တို့၏ သမီးချွေးမ၊ (ဦးဘစိန်)၏ ဇနီး၊ ဦးမျိုး အောင်-ဒေါ်ခိုင်ခိုင်ငွေ၊ ဒေါ်စန်းစန်းဝေ-ဦးတိတ်ယုံ၊ ဦးတင်ယု၊ ဒေါ်နုနုရီ၊ ဒေါ်တင်တင်ချို-ဦးဝင်းသော်၊ ဒေါ်ညွန့်ညွန့်ဝေ၊ ဒေါ်ငြိမ်းခိုင်အေး တို့၏ ကျေးဇူးရှင်မိခင်၊ ဝတ်ရည်သော်၊ အင်းကြင်းသော်၊ ဝေယံသော်တို့၏ အဘွား ဒေါ်သင်းဝါသည် ၄-၃-၂၀၁၉ ရက် ဒေသစံတော်ချိန် ည ၇း၅၇ နာရီတွင် အမေရိကန်နိုင်ငံ လော့ အန်ဂျဲလစ်မြို့၌ ကွယ်လွန်သွားပါ သည်။

ကျန်ရစ်သူ သားသမီး၊ မြေးတစ်စု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-မြို့သစ်(က)၊ မြေကွက်အမှတ်-၅၈၊ ဧရိယာ-၂၄၀၀စတုရန်းပေ၊ မြေကွက်တည်နေရာ အမှတ်-၇၉/(က-၂လမ်း)၊ မြို့သစ်(က+ခ) ရပ်ကွက်၊ အင်းစိန်မြို့နယ်(ဦးမြင့်အောင်) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးမြင့်အောင်[၁၂/အစန(နိုင်)၀၀၈၉၇၁]သည် ၁၅-၁၂-၂၀၁၈ရက်တွင် (ကွယ်လွန်)သဖြင့် ဒေါ်တင်မိုးဝင်း[၁၂/အစန(နိုင်)၀၀၈၉၉၀]မှ တရားဝင်တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သန်းခေါင်စာရင်း၊ အမည်ပေါက်၏သေဆုံးမှုလက်မှတ်၊ မြေငှားဂရန်တင်ပြပြီး ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တ ဝိသုဒ္ဓါနန္ဒမဟာထေရ်

**သိက္ခာတော် (၄၇)ဝါ၊ သက်တော် (၆၇)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ ရွာဘဲနယ်မြေ၊ သုခါရာမတောရကျောင်းတိုက်၊ သံဃာအိုရိပ်သာနှင့် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၂၂၆)တို့၏ ဦးစီးပဓာန နာယကသဒ္ဓမ္မဇောတိကဓဇ မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုဒ္ဓါနန္ဒ မဟာထေရ် အရှင်သူမြတ်ကြီးသည် (၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁ ရက်) ၆-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၈း၂၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်ဝေးရပ်နီး တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဈာပနရက်ကို ထပ်မံကြေညာပေးပါမည်။)

စျာပနဖြစ်မြောက်ရေးကော်မတီ

သုခါရာမတောရကျောင်းတိုက်

## ဦးမြင့်စိုး

**အရာခံဗိုလ်/၇၁ (ငြိမ်း)၊ ၁၁၃၀၅၊ တပ်မတော်(ရေ)**

**အသက် (၇၃) နှစ်**

**အဏ္ဏဝါ(ရန်ကုန်) နာရေးကူညီမှုအသင်းဝင်အမှတ်(၀၂၉)**

ရန်ကုန်မြို့ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ တိုက် (၆)၊ အခန်း(၂၀၃)၊ (၁၀)လမ်း (အေ)နေ ဒေါ်ခင်တိုးဝင်း၏ ချစ်လှစွာသောခင်ပွန်းသည် ၅-၃-၂၀၁၉ (အင်္ဂါနေ့) ည ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) အဏ္ဏဝါ(ရန်ကုန်) နာရေးကူညီမှုအသင်း

ခရစ်တော်၌ အိပ်ပျော်ခြင်း

## နော်ဒေးလီယာ (ခ) နော်အေးနူ (တောင်ငူ)

**အသက် (၇၂) နှစ်**

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်၊ အမှတ်(3/36-A)၊ ရွှေကမ်းသာယာအိမ်ရာနေ (သစ်ခေါင်းစောချာလီ-နော်ဖောဇယ်)တို့၏သမီးကြီး၊ (Mr.JP Maneck Shaw-နော်စောရင်မြတ်)တို့၏သမီးချွေးမ၊ စောရိုမီ၏ချစ်လှစွာသောဇနီး၊ နော်ခင်မိုးဆွေ-ဦးအောင်ကိုနိုင်၊ စောမင်းမင်းဦး၊ နော်ဝင်းဝင်းထွေး-စောရော်နယ်ဒင်တို့၏ မွေးသမိခင်၊ မောင်ဝေယံအောင်၊ မောင်မိုးယံထူးတို့၏အဘွား၊ စော်မော်ရော်-နော်အပြားတို့၏ညီမ၊ နော်အယ်နီတာ-Dr.ဦးဇော်ဝင်းသန်း၊ နော်ကတ်သရင်းနာ-(စော်အော်စတင်း)၊ စောဆမ်မြူရယ်-နော်အီမား၊ နော်ရိုဇဘတ်-စောဒိုစိုးတို့၏ အစ်မကြီး နော်ဒေးလီယာသည် ၆-၃-၂၀၁၉ ရက် နံနက် ၂း၄၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၈-၃-၂၀၁၉ ရက် နံနက် ၉ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဒေါ်တိုးမာ

**အသက် (၆၃) နှစ်**

ရန်ကုန်မြို့နေ [ဗိုလ်မှူးခင်မောင်မြင့်(လေ)]-ဒေါ်ခင်လှမြင့်တို့၏ သမီးကြီး၊ ရန်ကုန်မြို့နေ (ဦးမောင်မောင်-ဒေါ်ခင်ထွေး)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့ တာမွေမြို့နယ်၊ ကျောက်မြောင်း(အထက်)၊ စကြာလမ်း၊ အမှတ်(၆)၊ လေးလွှာနေ (ပတ္တမြားဦးကျော်ကျော်)၏ ချစ်လှစွာသောဇနီး၊ ဦးစိုးမင်း(ဂျန်ဘို)-ဒေါ်မျိုးမာမာကျော်၊ (ဦးကျော်မင်းဦး)တို့၏ မွေးသမိခင်၊ မောင်ကောင်းကျော်မင်း(DJ-BG)၊ မယဉ်ကဗျာမင်းတို့၏အဘွား၊ ဒေါ်ဂျူးဂျူး၊ Mr.Desmond Kitto-Sabrina kitto (ခေတ္တ-Australia)၊ Mr.Winston Law-Bibiana Doss (ခေတ္တ-Australia)၊ ချိုလေးတို့၏ အစ်မကြီး၊ မောင်မင်းထက်ဦး(ဂေဂေး)၏ အဒေါ် ဒေါ်တိုးမာသည် ၆-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၂၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၈-၃-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## SB Len Tin Thang (ကိုထန်နီး)

**အသက် (၅၂) နှစ်**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်အနောက်ရပ်ကွက်၊ လမ်း(၉၀)၊ အမှတ်(၂၁)နေ (ဦးဒိုင်ကျင့်-ဒေါ်လျုံမွဲ)တို့၏သား၊ ဦးSBခန့်ဇမ်းဝုန်း-ဒေါ်ခုပ်ခေါ်မန်းတို့၏သားသမက်၊ (ဦးစွမ်ဂင်လျန်-ဒေါ်လားမင်လျန်)၊ ဒေါ်မန်ဇကျိန်-သိက္ခာတော်ရဆရာ ဒေါက်တာဦးဂင်ခင်းမန်တို့၏ညီ/မောင်၊ ဒေါ်ထန်လျန်ကျိန်(ဒေါ်လီလီ)-(ဦးလားရမ်မော်အာ)၊ ဒေါ်လွမ်ခန့်ဟောက်-ဦးစွမ်ခန့်လန့်၊ ဒေါ်ကြွယ်နီစိုး-ဦးကျင်စွမ်မုန်တို့၏ အစ်ကို၊ မမော်ဒိတ်ကျိန်၊ မမန်ခန့်ဒိမ်၊ မောင်ကျင်မွန်မွမ်၊ မောင်ကျင်ဗျက်လျန်တို့၏ မွေးသဖခင်၊ ဒေါ်ဒိမ်လမ်းလွန်း(မလွန်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၆-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၄း၅၅ နာရီတွင် နေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၈-၃-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်၊ ဖောန္ဒွေလဘုရားကျောင်းရှေ့နှင့် ပိတောက်ကွေ့-ယုဇနတို့မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## မမြတ်သီဂီခိုင် (ခ) ငယ်လေး

**အသက် (၃၆) နှစ်**

ရန်ကုန်မြို့ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ စံပြ(၃)လမ်း၊ (A)ဒုတိယထပ်၊ အမှတ်(၁၀၃)နေ ဦးသိန်းလွင်-ဒေါ်မြမြညွန့်တို့၏သမီးထွေး၊ ဦးတင့်ဝေ-ဒေါ်အေးအေးမာတို့၏ သမီးချွေးမ၊ ဦးသန့်ဇော်ငွေး-ဒေါ်မြတ်သန္တာလွင်တို့၏ ညီမ၊ ကိုသန်းထိုက်အောင် (Sevensea Shipping Co.,Ltd)၏ဇနီး၊ မောင် ကြယ်စင်လင်းရောင်၏ မိခင်သည် ၅-၃-၂၀၁၉ (အင်္ဂါနေ့) နံနက် ၀၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၃-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ကြေးမုံ



# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကမ္ဘာ့ရေနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်






ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကမ္ဘာ့ရေနေ့ (၂၀၁၉) အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၆**

ကမ္ဘာ့ရေနေ့ (၂၀၁၉) အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ဦးစိုးဝင်း၊ ဦးဟန်ဇော်၊ ဒေါက်တာဝင်းမြတ်အေးနှင့် ဦးကျော်တင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင်မြင့်နှင့် ဦးစိုးအောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ရန်ကုန်နှင့် မန္တလေးမြို့တော်ဝန်များ၊ Water Mothers Organization နာယက ဒေါက်တာရွှေလွှမ်း၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်များ၊ သံတမန်များ၊ NGO၊ INGO များ၊ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်ပညာရှင်များ၊ ရေကဏ္ဍနှင့်ဆက်နွယ်သက်ဆိုင်သူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

# ဂျပန်ကလပ် နီဂါတာအသင်းနှင့် မြန်မာလူငယ်အသင်းတို့ ခြေစမ်းပွဲ မတ် ၇၊ ၉ ရက် ကျင်းပမည်



မြန်မာ ယူ-၁၈ အသင်း လေ့ကျင့်နေစဉ်။

**ရန်ကုန် မတ် ၆**

စင်ကာပူလိဂ်တွင် ကစားနေသည့် ဂျပန်ကလပ် နီဂါတာအသင်းသည် မြန်မာနိုင်ငံသို့ လာရောက်၍ မြန်မာလူငယ်အသင်းများနှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ စင်ကာပူလိဂ်တွင် ကစားနေသည့် ဂျပန်ကလပ် နီဂါတာအသင်းသည် မြန်မာနိုင်ငံတွင် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် မတ် ၆ ရက်က ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယင်းခြေစမ်းပွဲကို အာရှယူ-၂၃ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းအတွက် စီစဉ်ခြင်းဖြစ်ပြီး နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် ပြင်ဆင်နေသည့် မြန်မာ ယူ-၁၈ အသင်းနှင့်ပါ ကစားစေခြင်းဖြစ်သည်။ ခြေစမ်းပွဲများအဖြစ် မတ် ၇ ရက်တွင် မြန်မာယူ-၁၈ အသင်းနှင့် နီဂါတာအသင်း၊ မတ် ၉ ရက်တွင် မြန်မာ ယူ-၂၂ အသင်းနှင့် နီဂါတာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာယူ-၁၈ အသင်းကို နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်းက

**စာမျက်နှာ ၁၃ ကော်လံ ၅ သို့ ❍**



တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသည့် ဗဟိုသီရိမြို့နယ် အထက(၇)မှ ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

# ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ ကျောင်းသား ကျောင်းသူ ၈၅၁၅၇၀ ဝင်ရောက်ဖြေဆို

**နေပြည်တော် မတ် ၆**

မြန်မာတစ်နိုင်ငံလုံးတွင် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့နံနက်ပိုင်းတွင် စတင်ဖြေဆိုကြရာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၅၁၅၇၀ ဝင်ရောက်ဖြေဆိုကြောင်း သိရသည်။

**စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ☆**

